ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်၊ သောကြာနေ့၊ (27-5-2005)(၄၆၀၈)

ကြည့်ရှုစစ်ဆေး

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း စက်ဘီးစက်ရုံ (ရန်ကုန်)ရှိ စမ်းသပ်တီထွင်ထုတ်လုပ်ထားသော ဂေါက်ကွင်းသုံး Buggy ကားကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း စက်ဘီးစက်ရုံ(ရန်ကုန်) ကြည့်ရှုစစ်ဆေး မှာကြား

ရန်ကုန် မေ ၂၆

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းမကြီး စက်ဆန်းရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း စက်ဘီးစက်ရုံ(ရန်ကုန်)သို့ရောက်ရှိပြီး စက်ရုံကတီထွင်ထုတ်လုပ်သည့် ဂေါက်ကွင်းသုံး Buggy ကားကို ကြည့်ရှု၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ထုတ်လုပ်ပြီး ဝန်တင်ဆိုက်ကားနှင့် စက်ဘီးများကိုလည်းကောင်း၊ စက်ပစ္စည်းများ အချောကိုင်ခြင်း လုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံမှ ရောက်ရှိလာသော စက်ပစ္စည်းများနှင့် စက်ဘီးအရန်ပစ္စည်း အစိတ်အပိုင်း ၁၅ မျိုး ထုတ်လုပ်ရန် စက်ပစ္စည်း ၄၂၇ လုံးအနက် စက်များ တပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

စက်ဘီးစက်ရုံ(ရန်ကုန်)သို့ အိန္ဒိယနိုင်ငံ Samra Int.Ltd က စက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများ ပေးသွင်းလျက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၆ သို့ ✧

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်သူများနှင့် မျိုးဆက်သစ်လူငယ်များ၏အသက်အုပ်စုအလိုက် လုပ်ရှားတိုးတက်နေမှုအပေါ်အခြေခံပြီး အမျိုးသားနိုင်ငံရေး အသိပညာပေး

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်

ရန်ကုန် မေ ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း (အရာရှိ) အမှတ်စဉ် (၂/၂၀၀၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်) သင်တန်းခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်း (အရာရှိ) အမှတ်စဉ်(၂/၂၀၀၅) သင်တန်းဆင်းပွဲ အခမ်းအနားတွင် သင်တန်းထူးချွန် ဒုတိယဆုရရှိသော မြစ်ကြီးနားခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်စိုးစိုးထွန်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တက်ရောက်

သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ၊ အကြံပေးပုဂ္ဂိုလ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ နည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများသည် နိုင်ငံတော်က ဦးတည်လျှောက်လှမ်းနေသည့် အမျိုးသားနိုင်ငံရေးလမ်းကြောင်းပေါ်တွင် အရေးပါသောအခန်းကဏ္ဍ၌ ပါဝင်နေသည့်အတွက် ပြည်သူများနှင့်မျိုးဆက်သစ်လူငယ်များ၏ အသက်အုပ်စုအလိုက် ရွေ့လျားလှုပ်ရှားတိုးတက်နေမှုအပေါ်အခြေခံပြီး အမျိုးသားနိုင်ငံရေးအသိပညာများကို လက်ဆင့်ကမ်းပေးသွားရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများသည် အမျိုးသားရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေသည့် ပြည်သူများအတွက် မည်သည့်အခါမှ ရပ်ထား၍ မရသည့် စဉ်ဆက်မပြတ်ဆောင်ရွက်နေရမည့်လုပ်ငန်းများဖြစ်ကြောင်း။ စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၇-၅-၂၀၀၅
(သောကြာနေ့)

ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆက်လက်ဆောင်ရွက်
သန့်ရှင်းသော သောက်သုံးရေရရှိရေး အရှိန်အဟုန်မြှင့်ကြိုးပမ်း

မြန်မာနိုင်ငံတွင် လူဦးရေအများစုမှာ ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိကြသည်။ ကျေးလက်ဒေသများ ဖွံ့ဖြိုးစည်ပင်လာခြင်းသည် မြို့ပြဒေသများ ဖွံ့ဖြိုးစည်ပင်လာခြင်းနှင့် ဆက်စပ်လျက်ရှိသည်ကို တွေ့ရသည်။ တစ်နည်းအားဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာခြင်းပင် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလမ်းညွှန်မှုနှင့်အညီ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေးအဆင့်မြင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးလုပ်ငန်းများကို ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှစတင်၍ နှစ် ၃၀ နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်ကုန်အထိ မြို့ပြနှင့် ကျေးလက် လမ်းမိုင်သုံးသောင်းကျော်နှင့် တံတားပေါင်း တစ်သောင်းခုနစ်ထောင်ကျော် ဖောက်လုပ် တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်လာခြင်းသည် ဒေသအလိုက် စီးပွားရေး၊ လူမှုရေး၊ ပညာရေးကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုများကို များစွာအထောက်အကူပြုနိုင်သည်ဖြစ်ရာ ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာမှမြို့သို့တက်သည့် လမ်းများ၊ မြို့ချင်းဆက်သွယ်သည့် လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများကိုလည်း သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ကြိုးပမ်းအားထုတ်ကြရန် လိုအပ်ပေသည်။

ကျေးလက်ဒေသနေ ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး လိုအပ်ချက်များတွင် သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်စွာရရှိရေးသည် အဓိကဖြစ်ကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံအလယ်ပိုင်းရှိစစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့သည် မိုးနည်းရေရှားရပ်ဝန်းများဖြစ်၍ ပူပြင်းခြောက်သွေ့သည်။ အဆိုပါဒေသများတွင် ရေရှားပါးသဖြင့် သောက်သုံးရေအတွက်ပင် အခက်အခဲများစွာနှင့် ကြုံတွေ့ခဲ့ကြရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်တွင် အပါအဝင်ဖြစ်သည့် ကျေးလက်ဒေသများ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးလုပ်ငန်းများကို နိုင်ငံတော်က ၁၀ နှစ်စီမံကိန်းချမှတ်၍ ဖော်ဆောင်လျက်ရှိသည်။ အဆိုပါစီမံကိန်း စတင်သည့် ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အထိ အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာ ပေါင်း ၇၁၅၇ ရွာတွင် ရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယခုအခါ ကျေးလက်ဒေသ ရေရရှိရေးအတွက် အပူပိုင်းဒေသ တိုင်းသုံးတိုင်းတွင် အကောင်အထည်ဖော်လျက်ရှိရာ စစ်ကိုင်းတိုင်း၌ ခုနစ်မြို့နယ်၊ မကွေးတိုင်း၌ ခုနစ်မြို့နယ်၊ မန္တလေးတိုင်း၌ ၁၁ မြို့နယ် စုစုပေါင်း ၂၅ မြို့နယ်တို့တွင် မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေ ရရှိနေကြပြီဖြစ်သည်။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေးများ တိုးတက်မြင့်မား ကောင်းမွန်ရေးအတွက် များစွာအကျိုးပြုလာနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ အကောင်အထည်ဖော်လျက်ရှိသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ကဏ္ဍအလိုက် တက်တက်ကြွကြွ ဆက်လက်ပါဝင်ဆောင်ရွက်ရင်း ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်းများကို ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများက အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မကွေးတိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ စိုက်ပျိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် မေ ၂၆

မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၈ ရက် နံနက်ပိုင်းတွင် မင်းဘူးမြို့နယ် ကုန်းသာကျေးရွာအနီး ကြက်ရုံးကန်ရေလှောင်တမံ ပြန်လည်ပြုပြင်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ချောင်းဆုံကျေးရွာအနီးချောင်းမကြီး ရေလှောင်တမံတွင် ရေထုတ်ပြွန်နှင့် ရေပိုလွှဲပြုပြင်မွမ်းမံတည်ဆောက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ စေတုတ္တရာမြို့နယ် ဝန်သိုကျေးရွာအနီး မုန်းချောင်းကိုပိတ်၍ တည်ဆောက်နေသည့် ကြီးအုံ-ကြီးဝ ရေလှောင်တမံ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ လည်းကောင်း၊ ဖူးကျေးရွာအနီး မုန်းချောင်းကိုပိတ်၍ တည်ဆောက်နေသည့် ဖူးရွာရေလှောင်တမံတည်ဆောက်နေမှု အခြေအနေကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာတာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုအားပေး

မေ ၁၉ရက် နံနက်ပိုင်းတွင် မကွေးတိုင်း ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် မကွေးတိုင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည့် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ငါးခရိုင်၊အသက် (၁၆)နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

ပေးအပ်

ပြိုင်ပွဲအပြီးတွင် ဒုတိယရရှိသော အသင်းများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပထမဆုရရှိကြသော ပခုက္ကူခရိုင် အမျိုးသမီးအသင်းနှင့် မကွေးခရိုင် အမျိုးသားအသင်းတို့အား ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ဆုများပေးအပ် ချီးမြှင့်သည်။ (သတင်းစဉ်)

အမှတ်(၄၈) ဆရာစံလမ်း ဗဟန်းမြို့နယ်နေ ဦးမြင့်(မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၊ ဥက္ကဋ္ဌ)-ဇနီး ဒေါ်သန်းသန်း မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ် ရှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင်တို့ လက်ခံယူကြစဉ်။

(က-ပ)

ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်း

ရန်ကုန် မေ ၂၆

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်း ကျင်းပသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်များ လှူဒါန်းပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲ အခမ်းအနားကို မေ ၂၄ရက် နံနက် ၁၀နာရီတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ဟောပြော

အဆိုပါ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးညွန့်ဆွေတို့က အမှာစကားပြောကြားကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင် ဦးစီးအရာရှိ ဦးတင်မောင်အေးက စာပေအကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးသည်။ ထို့နောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဒေါက်တာမြင့်သိန်းက အလှူရှင်များကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ အလှူရှင် ဦးမြင့်ဦး (ညွှန်ကြားရေးမှူး-ရုပ်မြင်)(MRTV-4) က စာအုပ်မျိုးစုံ ၂၉၉အုပ်၊ ဦးလှိုင်ဝင်း (စာတည်းမှူး- မြန်မာ့အလင်း) က စာအုပ်မျိုးစုံ အုပ် ၂၀၀၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စာအုပ်မျိုးစုံ၁၂၀၊ အမှတ်(၃) ရပ်ကွက်မှ ဦးတင်ဝင်းက စာအုပ်မျိုးစုံ ၄၁၆အုပ်၊ ဦးဝင်းဇော်ထွန်း (ဦးစီးအရာရှိ- မြေစာရင်းဦးစီးဌာန) က စာအုပ်မျိုးစုံ ၉၅ အုပ်၊ အမှတ်(၁) ရပ်ကွက်မှ ဒေါ်ရီရီတင်က စာအုပ်မျိုးစုံ ၁၀၀၊ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဆိုက်ကျင်က စာအုပ်မျိုးစုံ ၆၀၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာအုပ်မျိုးစုံ ၃၂၅ အုပ် စုစုပေါင်း စာအုပ်မျိုးစုံ ၁၆၁၅အုပ်ကို ကျေးရွာ ၃၀ သို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကျေးရွာများကိုယ်စား ရေပေါ်ကံကျေးရွာမှ ဦးသန်းငြိမ်းထံသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးခင်မောင်အေးက စာအုပ်များကို ပေးအပ်လှူဒါန်းပြီး ခရိုင်ဦးစီးအရာရှိ ဦးတင်မောင်အေးက အလှူရှင်များအား ဂုဏ်ပြုလွှာအသီးသီး ပေးအပ်သည်။ (သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ မေလ (၂၄)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၇၅၇၈)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၅-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၂၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၃၀	၆။	မျိုးချစ်တပ်မတော်
၄း၄၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၀	၈။	**အဝေးသင်တက္ကသိုလ် ပညာရေးပို့ချမှုအစီအစဉ် -After Twenty Years. (ဒုတိယနှစ်-အင်္ဂလိပ်စာအထူးပြု)**
၅း၄၅	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မိုးလေဝသသတင်း
၆း၂၅	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၄။	**ကာတွန်းဇာတ်လမ်း "ထူးခြားသောကလေးငယ်" (အပိုင်း-၅၂)**
၆း၅၀	၁၅။	**လျှပ်တစ်ပြက်ရိုက်ချက်**
၇း၀၀	၁၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမြွာနဲ့ ကြမ္မာ" (အပိုင်း-၂၆)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်သူ သူရဲကောင်း" (အပိုင်း-၁၂)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

အားနည်းချက်များကို အားသာချက်များဖြစ်လာအောင် ပြုပြင် ဒေသအလိုက် လုပ်ငန်းများကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်

ရန်ကုန် မေ ၂၆

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၀၅ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ တိုင်း အုပ်ချုပ်ရေးမှူးများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အဖွင့်အမှာစကားပြောကြားရာ၌ ယခုအစည်းအဝေးတွင် ယခင်အစည်းအဝေးက ချမှတ်ပေးလိုက်သော ရည်မှန်းချက် တာဝန်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကို ပြန်လည်သုံးသပ်၍ အားနည်းချက်များကို အားသာချက်များ ဖြစ်လာအောင် ပြုပြင်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ပြည်နယ်၊ တိုင်း အုပ်ချုပ်ရေးမှူးများသည် ဒေသအလိုက်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ မိမိတာဝန်ယူရသည့် ပြည်နယ်၊ တိုင်းများ၏ အုပ်ချုပ်ရေးအပါအဝင် ကဏ္ဍအားလုံး၏ အခြေအနေအရပ်ရပ်ကို သိရှိနားလည်၍ တိုးတက်မှုရှိအောင် ဆောင်ရွက်ရေး၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်ရေး၊ ခြိုးခြံချွေတာရေးနှင့် အလေအလွင့်မရှိအောင် ထိန်းသိမ်းရေးတို့ကို အထူးအလေးထား ဆောင်ရွက်ကြရန် ဖြစ်ကြောင်းစသည်ဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေက ပြည်နယ်၊ တိုင်းအုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။ ယင်းနောက် ပြည်နယ်၊ တိုင်း အုပ်ချုပ်ရေးမှူးများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဒုတိယဝန်ကြီး ဦးကျော်သူ ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၂၆

ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပရီချ လုန်ဟာပုန်ချုန်၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် ထိုင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ဒုတိယဝန်ကြီးနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလင်းဟန်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးတို့ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

မြန်မာ-အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် အင်ဒို-မြန်မာ စီးပွားရေးလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ကြိုဆိုနှုတ်ဆက်ပွဲနှင့် ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပွဲတွင် မြန်မာ-အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌကိုယ်စား အလုပ်အမှုဆောင်အဖွဲ့ဝင် Mr. Rajul Goenka က အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂၆-၅-၂၀၀၅)

မော်လမြိုင်	-	၂	ဒသမ	၇၂	လက်မ
မင်္ဂလာဒုံ	-	၁	ဒသမ	၁၄	လက်မ
ပခုက္ကူ	-	၁	ဒသမ	၁၀	လက်မ
ပုဂံ	-	၀	ဒသမ	၉၁	လက်မ

လိပ်ပြာသန့်ပါ၏

- ငါတို့မြန်မာ၊ ကမ္ဘာရပ်ရပ်
  အသိအမှတ်ပြု
  လွတ်လပ်မှုရှိ၊ ချုပ်ခြာရှိ။
- ကိုယ့်ရည်မှန်းချက်၊ ကိုယ်နှစ်သက်ရာ
  ချမှတ်မှာပေါ့၊ ချမှာပေါ့။
- ကိုယ့်ဘဝကံ၊ ကိုယ့်ပုံစံဖြင့်
  စီမံဖန်တီး၊ ခရီးစဉ်ချ
  လုပ်ရမှာပေါ့၊ လုပ်မှာပေါ့။
- ကိုယ့်ခရီးမှာ၊ ကိုယ်သာဦးစီး
  လှေသူကြီးပဲ၊ ကိုယ်ပဲကြီးကြပ်
  လှော်ခတ်မှာပေါ့၊ လှော်မှာပေါ့။
- ကိုယ့်ဘဝကို၊ ကိုယ့်အလိုကျ
  ပုံစံချပြီး၊ ဘဝမြင့်ရေး
  လူ့အခွင့်ရေးသာ၊ ဒို့လုပ်ပါသည်
  လိပ်ပြာ ဒို့များ သန့်ပါ၏။ ။

ပျို့သွား

အင်ဒို-မြန်မာ စီးပွားရေးလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များအား ဂုဏ်ပြုနေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် မေ ၂၆

ရန်ကုန်မြို့ရှိ မြန်မာ-အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင်များအသင်းက ကြီးမှူး ကျင်းပသော အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့ရှိ အင်ဒို-မြန်မာ စီးပွားရေးလုပ်ငန်းရှင် များအသင်း ဥက္ကဋ္ဌနှင့် အသင်းဝင်များအား ကြိုဆိုနှုတ်ဆက်ပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ-အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့ဝင် Mr. Rajul Goenka က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အင်ဒို-မြန်မာ စီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ Mr. G.L. Goenka တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ဆက်လက်၍ မြန်မာ-အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်ရွှေနှင့် အင်ဒို-မြန်မာ စီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့က အမှတ်တရဂုဏ်ပြုလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး မြန်မာ-အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင်များအသင်း အထွေထွေ အတွင်းရေးမှူး ဦးမောင်မောင်က ကျေးဇူးတင်စကားပြောကြားသည်။ (သတင်းစဉ်)

အီရတ်တွင် ဗြိတိသျှစစ်လေယာဉ်ပျက်ကျမှု စုံစမ်းစစ်ဆေး ပြောက်ကျားများ၏ ပစ်ခတ်မှုကြောင့် ပျက်ကျခဲ့ရဟုဆို

လန်ဒန် မေ ၂၅

ဗြိတိသျှ ဘုရင့်လေတပ်မတော် အထူးတပ်ဖွဲ့ဝင်များ၏ စစ်လေယာဉ်တစ်စင်း ၂၀၀၅ခုနှစ် ဇန်နဝါရီ၃၀ရက်က အီရတ်နိုင်ငံတွင် ပျက်ကျခဲ့ရခြင်းသည် ပြောက်ကျားများက ဒုံးကျည်ဖြင့်ပစ်ခတ်မှုကြောင့် ဖြစ်ကြောင်း ဆန်းဒေးတိုင်းမ်သတင်းစာက စုံစမ်းစစ်ဆေးရေးမှူးများ၏ ပြောကြားချက်ကို ကိုးကားလျက် တနင်္ဂနွေနေ့က ရေးသားဖော်ပြသည်။

အီရတ်တွင် ပျက်ကျခဲ့ရသော ဗြိတိသျှ စစ်လေယာဉ်မှာ ဟာကျူလီအမည်ရှိ လေယာဉ်ဖြစ်ပြီး ဘဂ္ဂဒက်အနောက်မြောက်ဘက် ကီလိုမီတာ ၄၀အကွာအယ်လ်-တာဂျီမြို့အနီးတွင် ယင်းလေယာဉ်၏ အပျက်အစီး အပိုင်းအစများကို ရှာဖွေတွေ့ရှိခဲ့ရသည်။ လေယာဉ်ပျက်ကျမှုကြောင့် ဗြိတိသျှ တပ်ဖွဲ့ဝင် ၁၀ဦးသေဆုံးခဲ့သည်။

ရေးသား

စုံစမ်းစစ်ဆေးရေးမှူးများသည်အဆိုပါလေယာဉ်အား ဒုံးကျည် ငါးခုထက်မနည်း ထိမှန်ခဲ့သည့် အထောက်အထားများကိုရှာဖွေတွေ့ရှိခဲ့ရကြောင်း ဆန်းဒေးတိုင်းမ်သတင်းစာက ရေးသားဖော်ပြသည်။

ဗြိတိသျှစစ်လေယာဉ်သည် ဒုံးကျည်ခြောက်ခုအထိဖြင့်ချိန်ရွယ်ပစ်ခတ်ခံခဲ့ရကြောင်း၊ ဒုံးကျည်ဖြင့် ပစ်ခတ်ခံရချိန်တွင် လေယာဉ် ရောက်ရှိနေသော အမြင့်အရ လေယာဉ်မှူးမှာ ရှောင်ရှားရန် မလွယ်ကူကြောင်း စုံစမ်းစစ်ဆေးရေးမှူးများက သုံးသပ်ထားသည်။

ဗြိတိသျှ စစ်လေယာဉ်ပစ်ချခံရမှု ဖြစ်ရပ်နှင့် ပတ်သက်၍ ဘုရင့်လေတပ်မတော် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာကို လာမည့်လတွင် ထုတ်ပြန်မည်ဟုဆိုသည်။

ဆုံးရှုံးမှုတစ်ရပ်

အီရတ်နိုင်ငံတွင်ရွေးကောက်ပွဲကျင်းပသည့်နေ့မှာပင် ဗြိတိသျှစစ်လေယာဉ် ပစ်ချခံရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့သည်။ ၂၀၀၃ခု နှစ်မတ်လ အီရတ်စစ်ပွဲစတင်ခဲ့ချိန်နောက်ပိုင်းစစ်လေယာဉ် ပစ်ချခံရမှုသည် အီရတ်ရှိ ဗြိတိသျှ တပ်ဖွဲ့အတွက် အဆိုးရွားဆုံးသော ဆုံးရှုံးမှုတစ်ရပ်ဖြစ်သည်။

အီရတ်တွင် ပျက်ကျခဲ့ရသော စစ်လေယာဉ်၏လေယာဉ်မှူးမှာ ဒေးဗစ်စတက်ဒီစတက်ဖြစ်ပြီး ယင်းလေယာဉ်ပေါ်တွင် ဗြိတိသျှ ဘုရင့်လေတပ်မတော်၏ အတွေ့အကြုံအများဆုံး တပ်ဖွဲ့ဝင်အချို့ပါရှိကြောင်း သတင်းစာတွင်ဖော်ပြသည်။

အမ်အင်အေ၊ပီတီအိုင်။

ဘဂ္ဂဒက်မြို့လယ်တွင် ကားဗုံးပေါက်ကွဲသဖြင့် လူနှစ်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၂၅

အင်အားပြင်းထန်သည့် ကားဗုံးတစ်လုံး အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်တွင် အင်္ဂါနေ့က ပေါက်ကွဲရာ တစ်မြို့လုံး ပဲ့တင်ထပ်သွားပြီး လူနှစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ပစ်မှတ်ထား

ဘဂ္ဂဒက်မြို့လယ် ဝါသစ်ရင်ပြင်တွင် ကင်းလှည့်နေသည့် အီရတ်တပ်ဖွဲ့အား ပစ်မှတ်ထား၍ ယင်းကားဗုံးကို နံနက် ၁၀ နာရီခွဲက ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူ အယ်လ်-ဘိုင်ယာတီက ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

ယင်းပေါက်ကွဲမှုကြောင့် အခြားလူရှစ်ဦး ထိခိုက်ဒဏ်ရာရရှိပြီး မော်တော်ယာဉ် အများအပြား မီးလောင်သွားသည်ဟု ၎င်းက ပြောကြားသည်။

အီရတ်ရဲတပ်ဖွဲ့က ယင်းဒေသအား လမ်းအသွားအလာ ပိတ်ဆို့လိုက်ပြီး လူနာတင်ကားများ ယင်းနေရာသို့ ရောက်ရှိလာကာ သေဆုံးသူများအား အနီးရှိဆေးရုံများသို့ ပို့ဆောင်ပေးခဲ့သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ရှီးယိုက်များ လွှမ်းမိုးသည့် အီရတ်အစိုးရ ဖွဲ့စည်းပြီးသည့်နောက် ကားဗုံးနှင့် အသေခံကားဗုံး ဖောက်ခွဲမှုများ ဆက်တိုက် ဖြစ်ပွားခဲ့ရာ ယခု တိုက်ခိုက်မှုသည် နောက်ဆုံးတိုက်ခိုက်မှုဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

မေ ၂၄ရက်က ဘဂ္ဂဒက်မြို့လယ်တွင် ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အပျက်အစီးများအား ရှင်းလင်းနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နှင့် သံတမန်ဆက်ဆံရေး ပြန်လည်စဉ်းစားမည်ဟု ချာဗက်ဇ်ပြောကြား

ကရာကတ်စ် မေ ၂၄

အကြမ်းဖက်သမားဟု အစွပ်စွဲခံရသည့် ဗင်နီဇွဲလားနိုင်ငံသား ပိုဆာဒါကာရလီအား အမေရိကန်အစိုးရက ဗင်နီဇွဲလားနိုင်ငံထံ လွှဲပြောင်းပေးမှု မရှိပါက မိမိနိုင်ငံနှင့် အမေရိကန်၏ သံတမန်ဆက်ဆံရေးကို ပြန်လည်စဉ်းစားရမည် ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ပိုဆာဒါသည် အမေရိကန် ပြည်ထောင်စုအတွင်း လွန်ခဲ့သည့်နှစ်လက ဥပဒေမဲ့ဝင်ရောက်ခဲ့ပြီး ၎င်း၏ရှေ့နေမှ တစ်ဆင့်ခိုလှုံခွင့်ရရှိရန် ကြိုးပမ်းခဲ့သည်။

အမေရိကန် အစိုးရက ပိုဆာဒါ၏ ကိစ္စနှင့်ပတ်သက်၍ ၎င်း၏ဥပဒေအရ ဆောင်ရွက်မည်ဟု ဗင်နီဇွဲလားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဝီလျံဘရောင်းဖီးလ်က ကရာကာ့စ်မြို့တွင် ပြောကြားသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

စဉ်းစား

အမေရိကန်အစိုးရက ပိုဆာဒါအား ဗင်နီဇွဲလားအစိုးရထံ လွှဲပြောင်းပေးခြင်း မရှိပါက အမေရိကန်ပြည်ထောင်စုတွင် ဗင်နီဇွဲလားသံရုံး ရှိသင့်၊ မရှိသင့်နှင့် ဗင်နီဇွဲလားတွင် အမေရိကန်သံရုံး ရှိသင့်၊ မရှိသင့် ပြန်လည်စဉ်းစားရမည်ဟု ချာဗက်ဇ်က ပြောကြားသည်။

အမေရိကန်အစိုးရက ပိုဆာဒါအား ဗင်နီဇွဲလားသို့ လွှဲပြောင်းပေးရန် ယခုအချိန်လိုလားမှု မရှိကြောင်း၊ ဗင်နီဇွဲလားအစိုးရအနေဖြင့် နိုင်ငံတကာတရားရုံးသို့ အရေးယူမှု ပြုလုပ်ရန် တင်ပြရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အသက် (၇၇)နှစ်ရှိ ပိုဆာဒါသည် ကျူးဘားနိုင်ငံတွင် မွေးဖွားပြီး ဗင်နီဇွဲလားနိုင်ငံသားအဖြစ် ၁၉၆၀ ပြည့်နှစ်က ခံယူခဲ့သည်။ ၎င်းသည်ကျူးဘားနိုင်ငံမှ လေယာဉ်တစ်စင်းကို ၁၉၇၆ ခုနှစ်က ဗုံးဖောက်ခွဲရာ၌ ပါဝင်ခဲ့ပြီးနောက်ဗင်နီဇွဲလားနိုင်ငံတွင် ထောင်ဒဏ်ချမှတ်ခံခဲ့ရသည်။

ကြိုးပမ်း

ဗင်နီဇွဲလားအကျဉ်းထောင်မှ ၁၉၈၅ ခုနှစ်တွင် လွတ်မြောက်ခဲ့ပြီး ဟာဗားနားမြို့တော်တွင်ဗုံးတိုက်ခိုက်မှုတသီတတန်းပြုလုပ်ခဲ့ကာ ကျူးဘားသမ္မတ ကက်စ်ထရိုအား လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းမှုများတွင် ပါဝင်ပြုလုပ်ခဲ့သည်။

အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုများ သီးခြားဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၂၅

အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုဖြစ်ရပ်လေးခု တနင်္ဂနွေနေ့က ဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံးပြီး တပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း အမေရိကန် စစ်ဘက်က တနင်္လာနေ့က ပြောကြားသည်။

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် သီးခြားတိုက်ခိုက်မှုနှစ်ခု တနင်္ဂနွေနေ့က ဖြစ်ပွားခဲ့ရာ အမေရိကန် အထူးတပ်ဖွဲ့မှ အမေရိကန်တပ်ဖွဲ့ဝင် သုံးဦး သေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာ ရရှိခဲ့သည်ဟု စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန် အထူးတပ်ဖွဲ့မှ အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦး သီးခြားတိုက်ခိုက်မှုများအတွင်း တနင်္ဂနွေနေ့က သေဆုံးခဲ့သည်ဟု အခြားသတင်းကြေညာချက်တွင် ဖော်ပြထားသည်။

ဘဂ္ဂဒက်မြို့တော်မြောက်ပိုင်း ကီလိုမီတာ ၁၇၀ခန့်အကွာရှိ တီကရစ်မြို့အနီး ကားဗုံးဖောက်ခွဲ တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးမှာလည်း သေဆုံးသွားသည်။ ဘဂ္ဂဒက်မြို့တော်မြောက်ဘက် ကီလိုမီတာ ၂၅၀အကွာရှိ ကယ်ကွတ်မြို့အနီး မော်တော်ယာဉ်မတော်တဆ ဖြစ်မှုကြောင့် ရရှိခဲ့သည့် ဒဏ်ရာကြောင့် အခြားအမေရိကန် တပ်ဖွဲ့ဝင် တစ်ဦးမှာလည်း သေဆုံးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဒိုရာအရပ်တွင် အမေရိကန်တပ်ဖွဲ့၏ မှားယွင်းပစ်ခတ်မှု ခံရပြီးနောက် အထိတ်တလန့်ဖြစ်ကာ ငိုယိုနေသော အီရတ်အမျိုးသမီး တစ်ဦးကို မေ ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နာမည်ကျော် ဘောလုံးသမားဟောင်း သေဆုံးမှု ဖုံးဖိထားဟု အမေရိကန်ကြည်းတပ် ဝေဖန်ခံရ

ဝါရှင်တန် မေ ၂၅

အရီဇိုးနားကာဒီနယ်ဘောလုံးအသင်းမှ နာမည်ကျော်ဘောလုံးသမားဟောင်း တီးလ်မန်းသည် အာဖဂန်နစ္စတန်နိုင်ငံတွင် လွန်ခဲ့သည့်နှစ်က အချင်းချင်း မှားယွင်းပစ်ခတ်မှုကြောင့် သေဆုံးရသော်လည်း အမေရိကန်စစ်ဘက်က စုံစမ်းစစ်ဆေးမှုကို ဟန်ပြမျှသာပြုလုပ်ပြီး အမှန်တရားအားဖုံးကွယ်ထားကြောင်း၊ အမေရိကန်ကြည်းတပ်၏ လုပ်ဆောင်ချက်များသည် ၎င်းတို့၏ဆုံးရှုံးမှု အတွက် ပြဿနာအားဖြေရှင်းရာတွင် ပိုမိုအခက်အခဲတွေ့ရှိနိုင်ကြောင်း တီးလ်မန်း၏ မိသားစုက အမေရိကန်ကြည်းတပ်အား ပစ်ပစ်ခါခါ ဝေဖန်ပုတ်ခတ်လိုက်သည်။

တီးလ်မန်းအားကြည်းတပ်မှ ၎င်း၏ လုပ်ဖော်ကိုင်ဖက် ရဲဘော်များက ပါကစ္စတန်နယ်စပ်အနီးရှိ တောင်ကုန်းပေါ်တွင် အကြိမ်ပေါင်းများစွာ သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့်အဖြစ်မှာ တစ်နှစ်ကျော်ပြီဖြစ်သည်။ တီလ်မန်း၏ မိဘများက အမေရိကန်ကြည်းတပ်သည် ၎င်း၏သားအဖြစ်အပျက်နှင့် ပတ်သက်၍ လိမ်ညာပြောပြီး အဖြစ်အပျက်ဇာတ်လမ်းစုံမရရှိသေးသည်မှာ သေချာကြောင်း ဝါရှင်တန်ပို့စ်သတင်းစာနှင့် တွေ့ဆုံ မေးမြန်းရာတွင် ပြောကြားသည်။

စေခိုင်း

၂၀၀၁ခုနှစ် စက်တင်ဘာ တိုက်ခိုက်မှုပြီးသည့်နောက် တီးလ်မန်းသည် အမျိုးသားဘောလုံးအသင်းမှထွက်လိုက်ပြီး ကြည်းတပ်လက်ရွေးစင် တိုက်ခိုက်ရေးတပ်သို့ ၎င်း၏ အစ်ကိုနှင့်အတူ ဝင်ရောက်ခဲ့သည်။ အီရတ်နိုင်ငံသို့ ၎င်းတို့ ခရီးထွက်ခဲ့ပြီး ယင်းနောက်တွင် ၎င်း၏တပ်ဖွဲ့အား အာဖဂန်နစ္စတန်နိုင်ငံသို့ ၂၀၀၄ခုနှစ်နွေဦးရာသီတွင်ပို့ခဲ့သည်။ ယင်းနိုင်ငံတွင် တာလီဘန်ပြောက်ကျားများနှင့်အိုစမာဘင်လာဒင်အား ရှာပုံတော်ဖွင့်ရန် စေခိုင်းခြင်း ခံခဲ့ရသည်။

ပစ်ခတ်

တီးလ်မန်းသည် တောင်ကုန်းဆီသို့ တိုက်ခိုက်ရန် ရောက်ရှိလာပြီး မကြာမီ ၎င်း၏ ရဲဘော်ရဲဘက်များက မှားယွင်းပြီး ရန်သူအထင်ဖြင့် သေနတ်များဖြင့် တရစပ်ပစ်ခတ်ခဲ့ကြသည်။

အကြောင်းကြား

အမေရိကန်ကြည်းတပ်ကတောင်ကုန်းတစ်ခုအား ထိုးစစ်ဆင်တိုက်ခိုက်ရာ ရန်သူ၏ ပစ်ခတ်မှုကြောင့် တီးလ်မန်းသေဆုံးခဲ့သည်ဟု ၎င်း၏မိသားစုများအား လူသိရှင်ကြား အကြောင်းကြားခဲ့သည်။ အမှတ်တရ ဆုတောင်းပွဲအခမ်းအနားတွင် အမေရိကန်ကြည်းတပ်က တီးလ်မန်း၏မိသားစုအား တီးလ်မန်းသည် ၎င်း၏ ရဲဘော်ရဲဘက်များ၏ ပစ်ခတ်မှုကြောင့် သေဆုံးကြောင်း ပြောကြားခဲ့သည်။

ပြစ်တင်

အမေရိကန် ကြည်းတပ်မှ အရာရှိများသည်တီးလ်မန်း၏ မိသားစုဝင်များနှင့် ပြည်သူလူထုအား ပြောင်ပြောင်တင်းတင်း လိမ်ညာခြင်း ဖြစ်ကြောင်း တီးလ်မန်းမိသားစုက ပြစ်တင်ပြောကြားခဲ့သည်။

တီးလ်မန်း၏ကိစ္စဖြစ်ပွားပြီးခဲ့သည့်နောက် အာဏာပိုင်အဆင့်ဆင့်က ယင်းဖြစ်ရပ်အား မှတ်တမ်းတင်မှု မရှိတော့ကြောင်း၊ စုံစမ်းစစ်ဆေးရန် အတားအဆီးဖြစ်ခဲ့ပြီး ဖြစ်ရပ်အား ဖုံးဖိထားကြကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

မြတ်ဗုဒ္ဓနေ့ပွဲတော် နီပေါနိုင်ငံတွင် ကျင်းပ

ခတ္တမန္ဒူ မေ ၂၅

မြတ်ဗုဒ္ဓသည် သစ္စာတရား၊ အကြမ်းဖက်မှု ကင်းစင်ရေးနှင့် အေးငြိမ်းစေသော မေတ္တာတရားများကို ဟောကြားတော်မူခဲ့သည်။ ထိုတရားဓမ္မများသည် နီပေါနိုင်ငံအတွက် သာမန်ကန်ပြီးစပ်ဆိုင်မှုရှိသည်မဟုတ် မျက်မှောက်ကမ္ဘာကြီးနှင့်လည်းဆက်စပ်နေပြီး ထင်ရှားသောသာဓကအဖြစ် ဖော်ဆောင်လျက်ရှိသည်ဟု နီပေါနိုင်ငံဘုရင် ဘာနန္ဒာရာ က မေ ၂၅ ရက်နေ့တွင် ပြောကြားခဲ့သည်။

များစွာကြည်နူး

ဗုဒ္ဓမြတ်စွာဘုရား ဖွားမြင်တော်မူသည့် အထိမ်းအမှတ်နေ့ကို ကျင်းပရန် နီပေါနိုင်ငံတွင် ကော်မတီတစ်ရပ်ဖွဲ့စည်းကာ ပြင်ဆင်ဆောင်ရွက် လျက်ရှိသည်ကို ကျွန်ုပ်တို့အနေဖြင့် များစွာကြည်နူးမှု ဖြစ်ရပါကြောင်း နီပေါဘုရင် ဘာနန္ဒာရာက ပြောကြားသွားသည်။ ဗုဒ္ဓဘုရားရှင်သည် ဖွားမြင်တော်မူသည့်နေ့နှင့် အလားတူနေ့တစ်နေ့တည်းမှာပင် သဗ္ဗညုတဉာဏ်တော်ကို ရရှိကာ ဘုရားအဖြစ်သို့ရောက်တော်မူပြီး ထိုနေ့မှာပင် ပရိနိဗ္ဗာန်ပြုတော်မူခဲ့ပေသည်။

မိန့်မှာချက်

ဘုရားရှင်၏ မြင့်မြတ်သောနေ့ကို အကြောင်းပြု၍ လူသားများ၏အကျိုးငှာ ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည့် ညီညွတ်ခြင်းတရားများ ကျွန်ုပ်တို့ နီပေါပြည်သူများအတွင်းတွင် ပြန်လည်ဖြစ်ထွန်းလာလိမ့်မည်ဟု မျှော်လင့်ပါကြောင်း နီပေါဘုရင်၏ မိန့်မှာချက်တွင် ဖော်ပြထားသည်။

နီပေါနိုင်ငံ လုမ္ဗိနီတွင် နီပေါပြည်သူများနှင့် ဗုဒ္ဓဘာသာဝင်များ စုစည်းကြပြီး ငြိမ်းချမ်းရေးအတွက် ဆုတောင်းကြမည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ရှန်ဟိုင်းမြို့တွင် တရုတ်နိုင်ငံလုပ် မော်တော်ကားများ ရောင်းချရန် ပြသထားသည်ကို မေ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကလေးကျန်းမာရေးစစ်တမ်း တရုတ်နိုင်ငံတွင် ကောက်ယူမည်

ပေကျင်း မေ ၂၄

တရုတ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနသည် အဓိကမြို့ကြီးကိုးမြို့တွင် ဇွန်လမှ အောက်တိုဘာလအထိ ကလေး ၁၂၀၀၀၀ ကို ကျန်းမာရေးစစ်တမ်း ကောက်ယူမည်ဖြစ်သည်။

ကလေးများ၏ ကြီးထွားမှုအာဟာရနှင့် ကျန်းမာရေးအခြေအနေတို့ကို စစ်ဆေးမေးမြန်းခြင်း၊ ကျေးလက်နေကလေးများနှင့် မြို့ပြနေကလေးများ၏ ကျန်းမာရေးကွာဟချက်ကို ရှာဖွေခြင်းနှင့် တရုတ်နိုင်ငံမှကလေးများနှင့် ကမ္ဘာ့အခြားဒေသများမှ ကလေးများ၏ ကျန်းမာရေးကွာဟချက်ကို လေ့လာခြင်းတို့ ပါဝင်မည်ဖြစ်သည်။

ပေကျင်း၊ ရှန်ဟိုင်း၊ ဟာဘင်၊ နန်ကျင်း၊ စီအမ်း၊ ဝူဟန်၊ ကွမ်ကျိုး၊ ဖူကျိုးနှင့် ကူမင်းမြို့တို့မှ အသက်ခုနစ်နှစ်အောက် ကလေးများ၏ ကိုယ်ခန္ဓာအလေးချိန်၊ အရပ်အမြင့်၊ ရင်အုပ်အတိုင်းအတာနှင့် ဦးခေါင်းအတိုင်းအတာတို့ကို စာရင်းကောက်ယူမည်ဖြစ်သည်။

ယခုအကြိမ်သည် ဝန်ကြီးဌာနက ကောက်ယူမည့် စတုတ္ထအကြိမ်မြောက် ကလေးကျန်းမာရေးစစ်တမ်းဖြစ်သည်။ ပထမအကြိမ်စစ်တမ်းကို အထက်ပါ မြို့ကြီးကိုးမြို့တွင် ၁၉၇၅ ခုနှစ်က ကောက်ယူခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆိပ်ကမ်းမြို့များ ကွန်ဖရင့် ရှန်ဟိုင်းတွင် ကျင်းပ

ရှန်ဟိုင်း မေ ၂၅

နိုင်ငံတကာ ဆိပ်ကမ်းမြို့များအသင်းက ကမကထပြုသည့် (၂၄)ကြိမ်မြောက် ကမ္ဘာ့ဆိပ်ကမ်းမြို့များ ကွန်ဖရင့်ကို တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဟိုင်းမြို့၌ တနင်္လာနေ့တွင် ကျင်းပသည်။

အစိုးရဌာနများမှ တာဝန်ရှိသူများ နိုင်ငံတကာ ဆိပ်ကမ်းမြို့များအသင်းမှ ကိုယ်စားလှယ်များနှင့် ကမ္ဘာကျော် သင်္ဘောတည်ဆောက်ရေး ကုမ္ပဏီများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၀၀၀ ကျော် တက်ရောက်ကြသည်။

ကွန်ဖရင့်၏ ဦးတည်ချက်မှာ ကမ္ဘာ့ဆိပ်ကမ်းမြို့များ၏ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများဖြစ်သည်။ ကမ္ဘာ့ဆိပ်ကမ်းနှင့် သင်္ဘောသွားလာရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးဆဲမဟာဗျူဟာများနှင့် နည်းပညာဆန်းသစ်တီထွင်မှုတို့နှင့်ပတ်သက်၍ နည်းပညာဆိုင်ရာ ဆွေးနွေးပွဲ ၂၂ ရပ် ကျင်းပမည်ဖြစ်သည်။

၂၀၀၅ ခုနှစ်သည် နိုင်ငံတကာ ဆိပ်ကမ်းမြို့များအသင်း တည်ထောင်သည့် နှစ် (၅၀) ပြည့်နှစ်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားနှင့် ဂျပန်နိုင်ငံတို့ စီးပွားရေးဖက်စပ်ဆောင်ရွက် ဈေးကွက်ဝင်ရောက်ရေးနှင့် ကုန်သွယ်ရေးကိစ္စရပ်များ ဆွေးနွေးမည်

ဂျကာတာ မေ ၂၆

အင်ဒိုနီးရှားနိုင်ငံအစိုးရနှင့် ဂျပန်နိုင်ငံအစိုးရတို့သည် မကြာမီကာလအတွင်း စီးပွားရေးဖက်စပ်လုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရန် ဆွေးနွေးမှုများ စတင်ပြုလုပ်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီး မာဒီအက်ကာပန်ဂက်စဒူး၏ ပြောကြားချက်ကိုကိုးကား၍ ကွန်ပက်သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသမ္မတ ဆူဆီလိုဘန်ဘန်းယူဒိုယိုနိုသည် မေ ၃၁ ရက်မှ ဇွန် ၂ ရက်အထိ ဂျပန်နိုင်ငံသို့သွားရောက်လည်ပတ်မည်ဖြစ်သည်။ ထိုခရီးစဉ်အတွင်း စီးပွားရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများကို ပြုလုပ်ရန်ရှိသည်ဟု ဆိုသည်။

ဆွေးနွေးကြရာ၌ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ဂျပန်နိုင်ငံထံမှ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာဆိုင်ရာများ လွှဲပြောင်းရယူနိုင်စရာ အကြောင်းရှိကြောင်း သိရသည်။

ဆွေးနွေး

အင်ဒိုနီးရှားသမ္မတ၏ ဂျပန်နိုင်ငံခရီးစဉ်အတွင်းတွင် နှစ်နိုင်ငံတို့၏ စီးပွားရေး ဖက်စပ်လုပ်ငန်းဆိုင်ရာ သဘောတူညီချက် (အီးပီအေ)ကို စတင်ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီး မာဒီက ပြောကြားသည်။

အဆိုပါ ဆွေးနွေးမှုများတွင် ဈေးကွက်သို့ ဝင်ရောက်ခွင့်ရရှိရေး၊ ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်သွယ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လွယ်ကူရှင်းလင်းအောင် ပြင်ဆင်ရေး၊ ပြိုင်ဆိုင်ရောင်းဝယ်မှု ဆိုင်ရာများ ဆွေးနွေးရေးနှင့် ကုန်စည်ပစ္စည်းများ၏ အရည်အသွေးသတ်မှတ်ရေး ကိစ္စများကို ဆွေးနွေးကြဖွယ်ရာရှိသည်။

ဈေးကွက်

သက်ဆိုင်ရာမှရရှိသော စာရင်းအင်းများအရ ဂျပန်နိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်း တွေ့ရသည်။

ဂျပန်နိုင်ငံလုပ် မော်တော်ကားများသည် အင်ဒိုနီးရှားနိုင်ငံ ကားဈေးကွက်၏ ၇၀ ရာခိုင်နှုန်းကို လွှမ်းမိုးထားပြီး ဂျပန် မော်တော်ဆိုင်ကယ်များသည် အင်ဒိုနီးရှား မော်တော်ဆိုင်ကယ်ဈေးကွက်၏ ၅၀ ရာခိုင်နှုန်းကို နေရာယူထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ထိုင်းနိုင်ငံတွင် ၂၀၀၅ ခုနှစ် မယ်စကြဝဠာပြိုင်ပွဲကို မေ ၃၁ ရက်တွင် ကျင်းပမည်ဖြစ်ရာ မြို့တော် ဗန်ကောက်သို့ ရောက်ရှိနေသော ကမ္ဘာ့နိုင်ငံများမှ အလှမယ်များကို မေ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗင်နီဇွဲလားတွင် ဆေးခြောက် ဖမ်းဆီးရမိ

ကာရာကတ် မေ ၂၆

ဗင်နီဇွဲလား အမျိုးသားအစောင့်တပ်ဖွဲ့များသည် ပါရာဂွါပိုအာ နယ်စပ်ဒေသတွင် ဆေးခြောက်အလေးချိန် ၁၅၂ ကီလိုဂရမ်ကို ဖမ်းဆီးရမိကြောင်း ဒေသသတင်းစာ အယ်လ်ယူနီဗာဆယ်က အင်္ဂါနေ့တွင် ဖော်ပြသည်။

တနင်္လာနေ့ညနေပိုင်းက နယ်စပ်စစ်ဆေးရေးစခန်းတွင် ဝင်ရောက်လာသော ထရပ်ကားတစ်စီးပေါ်မှ ဆေးခြောက် ဖမ်းဆီးရမိခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

လေသင်တုန်းဖြတ်ရောဂါ ပြည်သူ့ကျန်းမာရေးကို ခြိမ်းခြောက် ထိုင်းနိုင်ငံတွင် လေးမိနစ်လျှင် တစ်ဦးကျ လေဖြတ်ခံနေရ

ဗန်ကောက် မေ ၂၅

ထိုင်းပြည်သူများတွင် လေသင်တုန်းဖြတ်ရောဂါဖြစ်ပွားမှု များပြားနေသည်ဟု ပြည်သူ့ကျန်းမာရေးဝန်ကြီး ဆူချိုင်းချာရွန်ရယ်လာနာကူးလ်က သတိပေးပြောကြားသည်။

လေသင်တုန်းဖြတ် ရောဂါသည် အဆိုးရွားဆုံးသော ကျန်းမာရေးဆိုင်ရာ ပြဿနာဖြစ်လာနေပြီး ထိုရောဂါဖြစ်ပွားပါက သွက်ချာပါဒ သို့မဟုတ် နာတာရှည် မသန်စွမ်းမှုများ ဖြစ်ပွားနိုင်သည်ဟု အင်္ဂါနေ့က ကျင်းပသော ကမ္ဘာ့လေသင်တုန်းဖြတ်ရောဂါ တိုက်ဖျက်ရေးနေ့တွင် ၎င်းက ပြောကြားသည်။

လူများကိုသေစေ

အဆိုပါရောဂါသည် ကမ္ဘာတစ်ဝန်းတွင် လူများကိုသေစေသော ရောဂါများ အနက် အဆင့်(၃)နေရာတွင် ရောက်ရှိနေကြောင်း ဆူချိုင်း၏ ပြောကြားချက်ကို ကိုးကား၍ ဗန်ကောက်ပို့စ် သတင်းစာက ဖော်ပြခဲ့သည်။

လက္ခဏာပြ

ဦးနှောက်ဆီသို့သွားသော သွေးလည်ပတ်မှုကို အနှောင့်အယှက်ဖြစ်ခံရမှုကြောင့် ထိုရောဂါဖြစ်ပွားရခြင်းဖြစ်သည်။ အဆိုပါ လေသင်တုန်းဖြတ်ရောဂါ၏ နောက်ဆက်တွဲ ပြဿနာများအဖြစ် ကြွက်သားများ အားနည်းခြင်း၊ ထုံထိုင်းခြင်း၊ စကားမပြောနိုင်ခြင်း သို့မဟုတ် အစာရေစာများ မျိုမချနိုင်ခြင်း၊ အသိဉာဏ်များ ဆုံးရှုံးခြင်းနှင့် နောက်ဆုံးသေစေနိုင်ခြင်း စသည့် လက္ခဏာတို့ ဖြစ်ပွားနိုင်သည်။

၂၀၀၂ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ လေသင်တုန်းဖြတ် ရောဂါကြောင့် သေဆုံးသူပေါင်း ၅ ဒသမ ၅ သန်းရှိခဲ့ပြီး ထိုအထဲတွင် အမျိုးသမီးဦးရေမှာ သုံးသန်းပါဝင်သည်။

မသန်မစွမ်းဖြစ်ပွားရ

ထိုင်းနိုင်ငံတွင် ထိုရောဂါကြောင့် နှစ်စဉ် လူ ၁၅၀၀၀၀ သည် မသန်မစွမ်းဖြစ်ပွားနေရပြီး လေးမိနစ်တိုင်းတွင် တစ်ဦးကျ လေဖြတ်ခံနေရကြောင်း သိရသည်။

ထိုနိုင်ငံတွင် အဆိုပါရောဂါကုသရန်အတွက် တစ်နှစ်လျှင် ဘတ်ငွေ ၁၅ ဘီလီယံကုန်ကျပြီး ထိုရောဂါခံစားရရန် စိုးရိမ်နေရသူပေါင်း ၁၈ သန်း ရှိသည်ဟုဆိုသည်။

ပညာပေး

ယင်းဝေဒနာခံစားရသူဦးရေ လျှော့ချနိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနသည် ယခုသီတင်းပတ်တွင် လေသင်တုန်းဖြတ်ရောဂါ ကာကွယ်တားဆီးရေး လှုံ့ဆော်ပညာပေးမှုများကို နိုင်ငံတစ်ဝန်းတွင် မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

လှုံ့ဆော်

ထိုင်းနိုင်ငံတွင် လေသင်တုန်းဖြတ်ရောဂါဝေဒနာရှင် ၇၅၀၀၀ ကို ကုသရာ ဘတ်ငွေ ၇၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံ) ကုန်ကျမည်ဖြစ်ပြီး ထိုရောဂါကာကွယ်တားဆီးရေး လှုံ့ဆော်မှုကိုလည်း ၂၀၀၇ ခုနှစ်တိုင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အသက်ရှည်စွာ အနာမဲ့ရေး (၉)

ဒေါက်တာလွင်ကို

"ဆရာမတို့လာကြပါ။ ရုပ်သွင်လက္ခဏာကြည့်ရတာ နေထိုင်မကောင်းလို့တော့ မဟုတ်ပါဘူးနော်"

"နေကောင်းပါတယ်၊ ဆရာကြီး။ ကျွန်မတို့ လာရင်းကိစ္စက ဆရာ့ဆီက မုန့်ပဲသရေစာနဲ့ပတ်သက်တဲ့ (Nutritional Value) အာဟာရတန်ဖိုးလေးများ သိရမလား လို့ပါ။ အခု ကျွန်မတို့ ကျောင်းဖွင့်ရင် ကလေးတွေအတွက် အာဟာရနဲ့လည်းပြည့်စုံမယ်၊ ဈေးနှုန်းလည်းချိုသာရမယ်ဆိုတဲ့ မုန့်မျိုးရောင်းပေးရမယ်လို့ တာဝန်ရှိလာလို့ပါ"

"ကောင်းပါတယ်ဗျာ၊ တကယ်တမ်းစေတနာနဲ့ ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် မင်္ဂလာပါပဲ။ မုန့်ဆိုင်ဖွင့်တော့လည်း မိမိတပည့်၊ မိမိသားသမီး၊ မိမိ မိတ်ဆွေ သားသမီးတွေ လာစားကြမှာပဲလေ။ သူတို့လေးတွေ သန့်သန့် ရှင်းရှင်း၊ ဈေးနှုန်းချိုသာစွာနဲ့ အာဟာရဖြစ်မယ့် အစားအစာလေးတွေ စားတာကြည့်ပြီး ကြည်နူးရတာပေါ့"

"မှန်ပါတယ် ဆရာကြီး၊ ဒါကြောင့်မို့လဲ ဆရာကြီးဆီ မုန့်ပဲသရေစာနဲ့ပတ်သက်တဲ့ အာဟာရတန်ဖိုး အကြောင်းလေးများ သိချင်လို့ လာခဲ့တာပါ။ အနာဂတ်နိုင်ငံတော်ကို သူတို့လေးတွေ ဆက်လက်တည်ဆောက်ကြမှာလေ။ ဒီတော့ ကျန်းမာဖွံ့ဖြိုးပြီး ဉာဏ်ရည်ဉာဏ်သွေးထက်မြက်တဲ့ လူငယ်တွေ မွေးထုတ်ပေးရမှာ ကျွန်မတို့တာဝန်ဆိုတာ သိပါတယ်။ သို့သော် ပင်တော့ပင်ပန်းတာပေါ့ ဆရာကြီးရယ်"

"ကလေးငယ်ဘဝမှာ အာဟာရပြည့်ပြည့်ဝဝစားရမှ၊ သန့်ရှင်းတဲ့ အစာကို စားရမှ ဝမ်းပျက်ဝမ်းလျှော ရောဂါမဖြစ်ဘဲ ကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးမှာလေ။ ဒါမှ အနာရောဂါ ကင်းရှင်းမှာ၊ အနာရောဂါ ကင်းရှင်းမှ ကျန်းမာရေး ကောင်းပြီး နိုင်ငံအတွက် ကာယ၊ ဉာဏ လုပ်သားကောင်းတွေရမှာ၊ နောက်ပြီး အသက်ရှည်တဲ့ လူမျိုးတစ်မျိုးဖြစ်လာမှာ၊ ဆရာမတို့အတွက် မပင်ပန်းဘဲ ဆေးရော၊ မုန့်ပဲသရေစာများရဲ့ (Nutritional Value) အာဟာရ တန်ဖိုးရောပေးလိုက်ပါမယ်။ စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာစွာ ဆက်လက်ဆောင်ရွက်ကြပါလို့ တိုက်တွန်းအားပေးပါရစေ"

"မပင်ပန်းတဲ့ဆေးကတော့ 'မေတ္တာဝန်' ဆိုတဲ့ဆေးပါပဲ၊ မေတ္တာဝန်နဲ့ပတ်သက်တဲ့ အဓိပ္ပာယ်ရှင်းလင်းချက်ကို ဆရာဖတ်ပြပါမယ်"

ပြည်သူကို အလုပ်အကျွေးပြုရသော၊ နိုင်ငံအကျိုးကို သယ်ပိုးရသောဝန်တို့သည် မေတ္တာဝန်ဖြစ်သည်။ မေတ္တာစစ် မှန်နေသမျှ လေးလံသည်မရှိနိုင်။ မေတ္တာပျက်ကွက်မှသာ လေးလံနိုင်သည်။ မိဘဖြစ်လာသောအခါ သားသမီးတို့ကို ချစ်ရသည်။ သူတို့ မွေးပေးကြသော မြေးတို့ကို ချစ်ရသည်။ သို့ရာတွင် မေတ္တာဝန်သည်မလေး ပေါ့ပါးလျက်ရှိသည်။ မေတ္တာ ဝန်ထမ်းရ၍ ဘာအကျိုးအမြတ်ရမည်၊ ဘယ်သို့ ကျေးဇူး တုံ့ပြန်လိမ့်မည်မသိ၊ မမျှော်လင့်၊ မေတ္တာဝန် ထမ်းရသည်ကိုပင် ပျော်သည်၊ ဤကား မေတ္တာဝန်သဘော အကျိုးထူးဖြစ်သည်။

သာသနာ့ဝန် ထမ်းကြကုန်သော၊ နိုင်ငံ့ဝန်၊ ပြည်သူ့ဝန်ကို ထမ်းကြကုန်သော အာဇာနည်ပုဂ္ဂိုလ်တို့အဖို့လဲ မေတ္တာဝန်သည် ပေါ့ပါးသည်၊ ထိုဝန်ကို ထမ်းရ၍ မောပန်းခြင်းမရှိ၊ မောရပန်းရမှန်းမသိ၊ ဝန်ထမ်းခွင့်ရတာပင်လျှင် ဆုထူးဆုမြတ်ဖြစ်နေသည်။

"ဒီစာက အဆင့်မြင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခဲ့တဲ့ ပညာတတ်ပုဂ္ဂိုလ်ကြီး တစ်ဦးရေးထားတာပါ။ ဆရာမတို့ ဂရုတစိုက် ဖတ်ကြည့်စေချင်ပါတယ်။ တစ်ခေါက်ဖတ်တာနဲ့ နောက်တစ်ခေါက်ဖတ်တာ ခံယူချက်ခြင်း ကွာခြားလာတာ ကိုယ်တိုင်ခံစားရပါလိမ့်မယ်။ နောက်ပြီး အလုပ်များလို့ ပင်ပန်းတာတွေ ပြေပျောက်နိုင်ပါလိမ့်မယ်"

တာဝန်ယူလိုစိတ်ရှိတဲ့ လူတွေဟာ တာဝန်ပေးခံရစမြဲ ဖြစ်ပါတယ်။ တာဝန်ဆိုတာကလဲ ကြိုးစားထမ်းဆောင်ရင်းနဲ့ ကျွမ်းကျင်လိမ္မာပြီး ပိုမိုကြီးလေးတဲ့ တာဝန်တွေကို ထမ်းဆောင်နိုင်စမြဲပါ။

"ဆရာမတို့ရေ ဟောဒီ 'မေတ္တာဝန်'ဆိုတဲ့ စာသားလေးနဲ့ မြန်မာ့မုန့်ပဲသရေစာရဲ့ အာဟာရတန်ဖိုးပါတဲ့ ဇယားလေးများ **(ယာ)** ယူသွားကြပါ။ ဇယားကိုကြည့်ပြီး ပညာရှိသလိုသာ လုပ်ကိုင်ဆောင်ရွက်ကြပါ။ သန့်ရှင်းလတ်ဆတ်ဖို့ပဲ အရေးကြီးတာပါ။ မောရပန်းရမှန်းမသိဘဲ တာဝန်ထမ်းဆောင်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်"

"ကျေးဇူးတင်ပါတယ် ဆရာကြီး၊ မေတ္တာဝန်ကို ၁၀ ခေါက်ထက်မနည်း ဖတ်ပါ့မယ်"

အလေးချိန် ၁၀၀ ဂရမ် (၆ ဒသမ ၁၃ ကျပ်သား)တွင် ပါဝင်သော အာဟာရတန်ဖိုး(မြန်မာ့မုန့်ပဲသရေစာ)

စဉ်	အစားအစာ	ကယ်လိုရီ	ရေဓာတ် ဂရမ်	ပရိုတင်းဓာတ် ဂရမ်	အဆီဓာတ် ဂရမ်	ကစီဓာတ် ဂရမ်	ထုံးဓာတ် မီလီဂရမ်	သံဓာတ် မီလီဂရမ်
၁	ကရေကရာ	၃၁၃	-	၅.၈	၁.၁၇	၆၉.၈၆	-	၁၀.၃
၂	ကိတ်မုန့်	၃၉၃	၁၇.၅	၈.၉	၁၂.၇	၆၀.၉	-	-
၃	ကီးမားပလာတာ	၂၂၄	၄၆.၉	၁၁.၆	၁၀.၃၈	၃၁.၁၂	-	-
၄	ကုလားပဲခြမ်းကြော်	၅၈၃	၂.၅	၁၁.၃	၃၈.၈	၄၇.၄	-	-
၅	ကုလားပဲသုပ်	၉၃	၇၅	၄.၅၂	၀.၁၆	၁၈.၂၉	-	၂.၆၄
၆	ကော်ပြန့်စိမ်း	၁၂၁	၇၂.၁	၃.၇	၂.၇	၂၀.၅	-	၃.၁၉
၇	ကောက်ညှင်းပေါင်း	၂၁၇	-	၅.၀	၁.၀	၄၅.၆	၅	၀.၇
၈	ကောက်ညှင်းဘိန်းမုန့်	၁၈၇	၅၄.၁	၃.၈	၀.၆	၄၁.၅	-	-
၉	ကြာဆံသုပ်	၁၅၄	၆၄.၀	၂.၉	၂.၈	၂၉.၄	-	-
၁၀	ကြက်ဥမုန့်	၃၀၈	၂၇.၉	၁၅.၀	၃.၄	၅၃.၇	-	-
၁၁	ကြက်ဥပူတင်း	၁၁၃	-	၅.၂	၅.၉	၉.၉	၁၂၇	၀.၅၁
၁၂	ခေါပုတ်ကြော်	၂၄၆	၃၉.၃၃	၅.၂၈	၁.၈၃	၅၂.၂၈	-	၃.၄၇
၁၃	ခေါက်ဆွဲသုပ်	၁၂၂	-	၃.၃	၄.၀	၁၈.၇	၃၃	၁.၁
၁၄	ချင်းသုပ်	၃၆၂	၃၃.၈	၁၂.၂	၂၉.၁	၂၄.၉	-	၄.၇
၁၅	စာကလေးခွေ	၅၇၂	-	၁၅.၅	၃၇.၉	၄၅.၃	၇၆	၅.၃
၁၆	မုန့်ဆီကြော်	၄၀၄	၇.၀	၇.၉	၇.၂	၇၇.၁	-	-
၁၇	ဆိတ်နို့မုန့်	၄၁၅	၆.၈	၈.၄	၉.၅၃	၇၃.၈၁	-	၆.၆
၁၈	ဆန်ဆနွင်းမကင်း	၁၁၇	၇.၂	၂.၄	၁.၁	၂၄.၆	-	-
၁၉	တို့ဟူး	၈၉	၇၇.၉	၅.၄	၀.၂၄	၁၆.၄၆	-	-
၂၀	ထမနဲ	၂၄၃	-	၅.၀	၁၄.၄	၅၄.၁	၁၂	၁.၂
၂၁	ထိုးမုန့်	၂၇၂	၃၂.၀	၄.၃၄	၁.၁၄	၆၁.၀၆	-	၁၅.၇၄
၂၂	ထန်းသီးမုန့်	၁၅၀	၆၁.၂	၃.၂	၀.၁	၃၄.၃	-	-
၂၃	နံပြား	၂၈၃	-	၁၀.၆	၀.၈	၆၀.၀	-	-
၂၄	နံပြားထောပတ်သုပ်	၃၆၁	၂၂.၇	၆.၃၈	၁၁.၈၉	၅၆.၆၄	-	၆.၄၈
၂၅	နို့ထမင်း	၈၆	၈၁.၁	၂.၁၃	၂.၅၆	၁၃.၄၉	-	-
၂၆	နံကထိုင်	၅၄၄	-	၄.၆	၃၁.၆	၆၇.၂	၇	၀.၅
၂၇	နန်းကြီးသုပ်	၁၅၆	၆၅.၇	၆.၆	၄.၄၁	၂၂.၅၉	-	၃.၅
၂၈	ပလာတာ	၃၅၈	၂၄.၅	၈.၄	၁၉.၀	၄၈.၁	-	-
၂၉	ပါပလာကြော်	၅၀၂	၂.၅	၁၄.၈၇	၂၅.၈၃	၅၂.၅၄	-	၁၀.၅
၃၀	ပူတင်းပေါင်မုန့်	၂၉၆	၃၆.၆	၉.၆	၉.၁	၄၄.၀	-	-
၃၁	ပဲကြီးလှော်	၃၆၆	၇.၆	၂၇.၅	၀.၈	၆၁	၁၇၈	၃.၉
၃၂	ပဲပေါက်စီ	၂၅၆	၃၇.၄	၆.၁	၁.၃၉	၅၄.၆၉	-	၇.၂
၃၃	ပေါက်ပေါက်ဆုပ်	၃၅၁	၉.၇	၆.၈	၁.၆	၆၈.၇၄	-	၁၅.၉၉
၃၄	ပေါင်မုန့်ထောပတ်သုတ်	၄၃၁	-	၆.၂	၁၈.၂	၃၈.၂	၁၆	၀.၇
၃၅	ပေါင်မုန့်အုန်းနို့ဆမ်း	၁၅၀	-	၂၁.၅	၅.၇	၂၃.၃	၉	၀.၆
၃၆	ဘိန်းမုန့်	၂၃၁	၄၄.၄	၃.၂	၂.၁	၄၉.၂	၁၁.၉	၁.၈
၃၇	မတ်ပဲကြော်	၂၉၉	၄၅.၂	၁၀.၉	၁၅.၉	၂၈.၀	-	-
၃၈	မရွေး	၃၈၁	၆.၁	၂.၈	၁.၀	၉၀.၁	-	-
၃၉	မုန့်ကြွပ်	၃၉၇	၅.၃	၁၁.၉	၃.၅	၇၉.၃	-	-
၄၀	မုန့်စိမ်းပေါင်း	၂၃၁	၄၈.၆	၄၀.၀	၂.၁	၄၃.၆	၁၆.၀	၁.၁
၄၁	မုန့်ပျားသလက်	၂၃၅	၄၀.၅	၆.၀	၀.၈	၅၁.၁	-	၁၂.၉
၄၂	မုန့်ပျားသလက်အဖြူ	၂၁၇	၄၅.၈	၅.၇	၁.၁	၄၆.၀	-	၁၁.၅
၄၃	မုန့်ဖက်ထုပ် (အုန်း+သကြား)	၂၈၄	၃၄.၀	၄.၁	၅.၇	၅၅.၆	၁၃.၀	၁.၀
၄၄	မုန့်လေပွေကြော်	၅၄၁	၄.၄	၂.၆	၃၂.၀	၆၀.၇	-	၅.၈
၄၅	မုန့်လင်မယား	၁၄၅	၆၆.၆	၃.၂	၃.၅	၂၅.၄	-	-
၄၆	မုန့်လက်ဆောင်း	၈၂	-	၁.၀	၂.၁	၁၆.၂	-	-
၄၇	မုန့်လက်ကောက်	၂၇၉	-	၄.၈	၄.၃	၅၅.၄	-	၆.၂
၄၈	မုန့်လုံးရေပေါ်	၂၅၇	-	၄.၇	၄.၃	၄၉.၉	၂၉.၀	-
၄၉	မုန့်လုံးကြီးကြော်	၃၅၈	-	၅.၄	၆.၉	၇၀.၁	၆၇.၀	-
၅၀	မုန့်လိပ်ပြာ	၈၆	၇၈.၈	၂.၇	၀.၁	၁၈.၄	-	-
၅၁	မုန့်သိုင်းခြိုု	၂၆၂	-	၆.၁	၆.၇	၄၈.၀	၁၁.၀	၁.၃
၅၂	မုန့်ဟင်းခါးမုန့်ဖတ်	၁၁၅	-	၂.၁	၈.၁	၂၆.၀	၃.၀	၀.၇
၅၃	ယာဂု	၅၄	-	၀.၈	၁.၁	၁၀.၁	၄.၀	၀.၁
၅၄	ရခိုင်မုန့်ဟင်းခါးသုပ်	၁၀၁	-	၄.၀	၆.၂	၇.၉	၄၃.၀	၁.၇

ဂုဏဝိသိဋ္ဌပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၅)ဖြင့် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးကျောင်းတိုက် နာယကချုပ် ဆရာတော် ဘဒ္ဒန္တဝါယမ (သာသနဓဇ ဓမ္မာစရိယ ဒီဃဘာဏက) အရှင်သူမြတ်အား ဒါယကာ၊ ဒါယိကာမများက စုပေါင်း၍ ဂုဏဝိသိဋ္ဌပူဇော်ပွဲကို မေ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးကျောင်းတိုက် တိုင်တစ်ရာကျောင်းတော်ကြီးတွင် ကျင်းပမည်ဖြစ်ရာ ဖုန်း- ၅၅၄၀၅၇၊ ၅၄၂၁၇၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၂၇-၅-၂၀၀၅ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ယဉ်ကျေးမှုတက္ကသိုလ်
၇း၂၅	နိုင်ငံတကာ သတင်းအကျဉ်း
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	ဂီတဆည်းဆာတေးသံသာ
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	(၁၀)လက်မ ရော်ဘာကြိတ်လုံး စပါးအခွံချွတ်စက်
၈း၃၅	ပြည်တွင်းသတင်းအကျဉ်း
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	သံဂဟေအတတ်ပညာ
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	ဖီဖာကမ္ဘာ့ဖလား
၉း၂၅	နိုင်ငံတကာ သတင်းအကျဉ်း
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	မျက်စိကျန်းမာ လူချမ်းသာ
၉း၄၅	မိုးလေဝသခန့်မှန်းချက်
၉း၅၀	အမွှန်မြတ်ဆုံး လက်ဆောင်
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	ပြည်တွင်း သတင်းအကျဉ်း
၁၀း၂၀	သီးနှံများတွင် ကျရောက်စေသော သီးနှံဖျက်ပိုးများနှင့် ကာကွယ်ဆေးများ အစီအစဉ်
၁၀း၅၀	တေးဂီတအစီအစဉ်
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ (၄)ကြိမ် ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ဘီးတပ်ကုလားထိုင်များ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ Wheel Chairs များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး ဧည့်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ စည်းရုံးရေးဌာနကြီးမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး၏ဇနီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာ ဒေါ်ခင်မာထွန်းက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အကြောင်း သိကောင်းစရာများနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး၏ ဇနီး Mrs. Kum Kum Bhatia နှင့် တာဝန်ရှိသူများက အမေရိကန်ဒေါ်လာ ၇၀၀တန်ဖိုးရှိ Singha Wheel Chair ခြောက်စီးကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး၏ဇနီး Mrs. Kum kum Bhatia က အမေရိကန်ဒေါ်လာ ၇၀၀ တန်ဖိုးရှိ Singha Wheel Chair ခြောက်စီးကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ လက်ခံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး၏ ဇနီး Mrs. Kum Kum Bhatia က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အိန္ဒိယသမ္မတနိုင်ငံသံရုံးက လှူဒါန်းသည့် ဆေးနှင့်ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အိန္ဒိယသံရုံးက ဆေးနှင့်ဆေးပစ္စည်းများလှူဒါန်း

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးက အမေရိကန်ဒေါ်လာ ၆၀၀တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁နာရီခွဲတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး၏ဇနီး Mrs. Kum Kum Bhatia နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကျေးဇူးတင်စကား

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက နှုတ်ခွန်းဆက် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက်အလှူရှင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး၏ဇနီး Mrs. Kum Kum Bhatia က ဆေးနှင့်ဆေးပစ္စည်းများကို အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းထံ ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက်အလှူရှင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး၏ ဇနီး Mrs. Kum Kum Bhatia က လှူဒါန်းရခြင်းအကြောင်းကိုပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ပြည်နယ်နှင့်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များသို့ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲနှင့် ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့များက ဆေးရုံတက်လူနာများအတွက် ထောက်ပံ့ငွေများပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ဒုတိယဥက္ကဋ္ဌ၊ ဗဟိုကောင်စီဝင်များနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များသို့ ပညာသင်ထောက်ပံ့ကြေး ငွေကျပ်သိန်း ၅၀ကို ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများအား ပေးအပ်ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့များက ရန်ကုန်တိုင်းအတွင်းရှိ ဆေးရုံတက်ရောက်ကုသနေသောလူနာများအတွက် ဆေးကုသရန်လိုအပ်သော ထောက်ပံ့ငွေ ကျပ် ၁၉၇၂၀၀၀ကို အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းထံ ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ထောက်ပံ့ကြေးပေးအပ်

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များသို့ ပညာသင်ထောက်ပံ့ကြေးငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

(၂၆-၅-၂၀၀၅)

မုံရွာ၊ မြင်းခြံ၊ မင်းဘူးနှင့် မကွေး

၄၂ ဒီဂရီစင်တီဂရိတ်

(၁၀၈ ဒီဂရီဖာရင်ဟိုက်)

✧ **အမှတ်(၁)စက်မှုဝန်ကြီးမှ**

ထို့နောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် စက်ရုံတိုးချဲ့တည်ဆောက်မည့်နေရာကို လည်းကောင်း၊ စက်ရုံပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ အကြီးစား စက်ပစ္စည်းဌာနရှိ သံပြားမှ ပိုက်ပြုလုပ်သည့်ဌာနကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် လက်ကိုင်ဌာန၊ ဆုံဝင်ရိုးနှင့်ဆုံခွက်ဌာနနှင့် ပစ္စည်းသိုလှောင်ရုံများကို ကြည့်ရှုစစ်ဆေးကြပြီး စက်ရုံ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဆောင်ရွက်ရမည့်လုပ်ငန်းများကို မှာကြားသည်။

(သတင်းစဉ်)

❍ **ပြည်သူများမှ**

ဤသင်တန်းကို ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန်နှင့် အနာဂတ်ကို မြော်တွေးပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးနိုင်ရန်၊ ဝန်ထမ်းများစိတ်ပိုင်းဆိုင်ရာ အရည်အသွေး၊ လုပ်ငန်းအတွေ့အခေါ်နှင့် ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးများ မြင့်မားလာစေရန် ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များကို သွက်လက်ထက်မြက်ထိရောက်စွာ ဆောင်ရွက် အကောင်အထည်ဖော်နိုင်ရန် စသည့် ရည်ရွယ်ချက်သုံးရပ်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း။

လက်တွေ့လေ့ကျင့်ခဲ့

ယင်းရည်ရွယ်ချက်များအောင်မြင်ရေးအတွက် နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒများနှင့် ရည်မှန်းချက်တာဝန်များအပါအဝင် ကဏ္ဍပေါင်း ၂၃ခုကို စာတွေ့လက်တွေ့ သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့ပြင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးများ ပြည်သူလူထုနှင့် ထိတွေ့လုပ်ရှားစည်းရုံးရာတွင် ပိုမိုထိရောက်စေရန် ဆွေးနွေးဟောပြောခြင်း၊ စာတမ်းများရေးသားပြီး လက်တွေ့ဟောပြောခြင်း၊ နံရံကပ်စာစောင်၊ လက်ကမ်းစာစောင်များလက်တွေ့ပြုလုပ်စေခြင်း စသည့် လက်တွေ့ဆောင်ရွက်ခြင်းလုပ်ငန်းများနှင့် လေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း။

သင်တန်းသားများအနေဖြင့် မိမိတို့နယ်မြေဒေသသို့ ပြန်လည်ရောက်ရှိသည့်အခါ သင်တန်းကလေ့ကျင့်ပေးလိုက်သည့် Active ဖြစ်ရန်၊ Initiative ဖြစ်ရန်နှင့် Dynamic ဖြစ်ရန် စသည့် ပြည်သူ့ဆက်ဆံရေးမှူးကောင်းများ၏အရည်အသွေးများကို လက်တွေ့စည်းရုံးရေးနယ်ပယ်တွင် ဆက်လက်အသုံးချရန် တိုက်တွန်းမှာကြားလိုကြောင်း။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၀၅-၂၀၀၆ခုနှစ်တွင် ဆောင်ရွက်ရမည့် ရည်မှန်းချက်လုပ်ငန်းစဉ်ကိုးရပ်တွင် တစ်ချက်အပါအဝင်ဖြစ်သည့် ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ဖွင့်လှစ်ရန်ကျန်ရှိနေသေးသည့် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များ အပြီးဖွင့်လှစ်ရန်ဟူသော ရည်မှန်းချက်တာဝန်ကို စီမံချက်များချမှတ်၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ တစ်ဖက်ကလည်း ဖွင့်လှစ်ပြီးသား စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲစေရန် မျက်ခြည်မပြတ် ဆက်လက်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

သင်တန်းကာလအတွင်း ကြိုးကြိုးစားစားသင်ယူလေ့လာကြသည့်အတွက် သင်တန်းသား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးမှူးများ၏ ကြိုးစားမှုကို အသိအမှတ်ပြုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး (အရာရှိ) သင်တန်းတွင် သင်တန်းပို့ချပေးခဲ့ကြသည့် သင်တန်းနည်းပြဆရာ၊ ဆရာမကြီးများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် သင်တန်းသားများအနေဖြင့် သင်တန်းက

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း(အရာရှိ) အမှတ်စဉ်(၂/၂၀၀၅) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပို့ချလိုက်သည့် သင်ခန်းစာများကို လက်တွေ့နယ်ပယ်တွင် ပြည်သူ့ကြားသို့ဝင်ရောက်၍ အကျိုးရှိရှိ ပေါင်းစပ်အသုံးချသွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

သင်တန်းဆင်းလက်မှတ်ပေးအပ်

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားခေါင်းဆောင် ဝါးခယ်မမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးတင်မြင့်ဦးအား ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းတွင် ပထမဆုရရှိသော ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခရိုင်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်သီတာအေးအားလည်းကောင်း၊ ဒုတိယဆုရရှိသော မြစ်ကြီးနားခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခရိုင်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်စိုးစိုးထွန်းအားလည်းကောင်း၊ တတိယဆုရရှိသော ကော့ကရိတ်ခရိုင် ဘုရားသုံးဆူမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသန်းနိုင်အားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းတွင် တာဝန်ယူပို့ချခဲ့သော သင်တန်းနည်းပြများကိုယ်စား ဒေါက်တာမတင်ဝင်းအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဝန်ကြီးသည် သင်တန်းနည်းပြဆရာ၊ ဆရာမကြီးများ၊ သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ နယ်စပ်ဒေသအပါအဝင် ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား၊ သင်တန်းသူ ၅၇ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ၂၀၀၅ခုနှစ် မေ ၂ ရက်မှာ မေ ၂၆ ရက်အထိဖြစ်သည်။

(သတင်းစဉ်)

ဂုဏ်ပြုလက်ဆောင်ချီးမြှင့်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း(အရာရှိ)အမှတ်စဉ်(၂/၂၀၀၅)သင်တန်းဆင်းပွဲ အခမ်းအနားတွင် သင်တန်း၌ တာဝန်ယူပို့ချခဲ့သော သင်တန်းနည်းပြများကိုယ်စား ဒေါက်တာမတင်ဝင်းအား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကြီးကြပ်ဆောင်ရွက်

မေ ၄ ရက်က ငပုတောမြို့၊ ကမ်းနားလမ်း သန့်ရှင်းသာယာလှပရေးအတွက် လမ်းဘေးဝဲယာ ကပ်တုံးပြုလုပ်ခြင်း၊ ပန်းအလှအိုးများ ပြုလုပ်ခြင်း၊ မြေခင်းအလှပြုလုပ်ရန် မြေပြုပြင်ခြင်း လုပ်ငန်းများကို ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဌေး၊ အငယ်တန်းအင်ဂျင်နီယာ(၂) (မြို့ပြ) ဦးသူရလွင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၃) (မြို့ပြ) ဦးဇော်အေးထွေးတို့က အနီးကပ် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြစ်ဝကျွန်းပေါ်ဒေသများသို့ အနောက်တောင်မုတ်သုံလေဝင်ရောက်နိုင်

ရန်ကုန် မေ ၂၆

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်၊ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မေ ၂၇ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်နိုင်သည်။

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

(၃၁-၅-၂၀၀၅)

World No-Tobacco Day
(31-5-2005)

ဆေးလိပ်ဆေးရွက်ကြီးဆန့်ကျင်ရေး၊
ကျန်းမာရေးပညာရှင်များ
ဦးဆောင်ပေး

Health Professionals against Tobacco

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံ အစဉ်အလာအရ ရင်းနှီးခင်မင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆက်ဆံရေး ပိုမိုရှင်သန်လာမည်

ရန်ကုန် မေ ၂၆

မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ်(၃၀)ပြည့်အခမ်းအနားကို ယနေ့ညနေ ၆နာရီခွဲက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်တွင်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ထရန်ဗန်တန်တို့က မိန့်ခွန်းပြောကြားကြသည်။

ဝန်ကြီး ဦးသောင်း၏ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ယခုလို မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံသံတမန်ဆက်သွယ်ခဲ့သည့် အနှစ်(၃၀)မြောက် အထိမ်းအမှတ်နေ့ အခါသမယမှာ စကားပြောကြားခွင့်ရတဲ့အတွက် ကျေးဇူးတင်ရှိကြောင်း ဦးစွာပထမ ပြောကြားလိုပါတယ်။

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဟာ သံတမန်ဆက်ဆံရေး စတင်ခဲ့ပြီးကတည်းက ချောမွေ့စွာ တိုးတက်လျက်ရှိပါတယ်။ နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်လည်ပတ်မှုရှိခဲ့ပြီး အဆိုပါ ချစ်ကြည်ရေးခရီးစဉ်များဟာ နှစ်နိုင်ငံနဲ့ ပြည်သူများအကြား ရှိရင်းစွဲဆက်ဆံရေးကောင်းများကို ပိုမိုတိုးတက်စေလိမ့်မယ်လို့ ယုံကြည်ပါတယ်။

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဟာ အစဉ်အလာအရ ရင်းနှီးခင်မင်လျက်ရှိပါတယ်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဆက်ဆံရေးများ ပိုမိုရှင်သန်လာမယ်ဆိုတာလည်း ယုံကြည်ပါတယ်။ စိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စက်မှုကဏ္ဍ ခရီးသွားလုပ်ငန်း၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များမှာ ပူးပေါင်းဆောင်ရွက်မှုများကို အကောင်းဆုံး ဆောင်ရွက်နိုင်ကြမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ယခုလို နှစ်(၃၀)ပြည့် သံတမန်ဆက်ဆံမှု အခမ်းအနားညှော့ခံပွဲကျင်းပခဲ့သော ဗီယက်နမ်သံအမတ်ကြီး မစ္စတာ ထရန်ဗန်တန်ကို ကျေးဇူးတင်ရှိပါတယ်။ နောင်လာမယ့်နှစ်များမှာလည်း နှစ်နိုင်ငံဆက်ဆံရေးများ ပိုမိုခိုင်မာ တိုးတက်လာမယ်လို့ ယုံကြည်ကြောင်း ပြောကြားလိုပါတယ်။

ရေရှည်တည်တံ့ခိုင်မြဲသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်ရှင်သန်ရန် သန္နိဋ္ဌာန်ချထား

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ထရန်ဗန်တန်၏ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ဗီယက်နမ်-မြန်မာ သံတမန်ဆက်သွယ်မှု နှစ်(၃၀)ပြည့် အခမ်းအနားတွင် ရွှင်လန်းနွေးထွေးစွာ နှုတ်ခွန်းဆက်သပါသည်။

အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည့် ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့သည် အစဉ်အလာအရ ရင်းနှီးခင်မင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရှိခဲ့ကြပါသည်။ မကြာသေးမီနှစ်များအတွင်းက နှစ်နိုင်ငံအကြား ခေါင်းဆောင်ကြီးများ အပြန်အလှန်ချစ်ကြည်ရေး ခရီးစဉ်များအပြီးတွင် နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာ ဆက်ဆံမှုများကို မှတ်ကျောက်တင်နိုင်ခဲ့ပါသည်။

နှစ်ပေါင်း ၃၀ကာလအတွင်း နှစ်နိုင်ငံစလုံးအနေဖြင့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် လည်းကောင်း၊ ဒေသတွင်းရှိ နိုင်ငံများနှင့် စီးပွားရေးနှင့် လူမှုရေးကွာဟချက်များကို နည်းပါးစေရန် ရည်သန်၍ မိမိတို့နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လည်းကောင်း၊ အတူတကွ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။ စိုက်ပျိုးရေး၊ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်း၊ သစ်တောထိန်းသိမ်းရေး၊ ဆေးဝါးထုတ်လုပ်ရေး၊ သတင်းအချက်အလက် နည်းပညာပူးပေါင်းဆောင်ရွက်ရေး စသည့် ပူးပေါင်းဆောင်ရွက်မှုများအပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးညှိနှိုင်း သဘောတူခဲ့ကြပါသည်။ နှစ်နိုင်ငံစလုံးအနေဖြင့် မှတ်ကျောက်တင်ထားပြီးဖြစ်သော ရေရှည်တည်တံ့ခိုင်မြဲသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ဖြစ်ထွန်းရှင်သန်စေရန် သန္နိဋ္ဌာန်ချထားကြပြီးဖြစ်ပါသည်။ အထူးသဖြင့် ယမန်နှစ်က ကျင်းပခဲ့သော နှစ်နိုင်ငံကုန်သွယ်မှု ပူးတွဲကော်မရှင်အစည်းအဝေးတွင် ရရှိခဲ့သည့် သဘောတူညီချက်များကို လက်တွေ့အကောင်အထည်ဖော်သွားကြပါမည်။ သို့မှသာ နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်နိုင်ကြပြီး တည်ငြိမ်မှု၊ စဉ်ဆက်မပြတ်ရှိမှုနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးဖြစ်ထွန်းမှုများကို ရရှိစေမှာဖြစ်ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည်နှင့်အညီ ဒေသတွင်းပြည်သူများ၏ လိုလားတောင့်တချက်များဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ လွတ်လပ်ရေးနှင့် သာယာဝပြောမှုရရှိရေးအတွက် အစဉ်အမြဲ အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

သံတမန်ဆက်သွယ်မှု အထိမ်းအမှတ်အခမ်းအနားကို ယခုလိုကျင်းပနိုင်ခြင်းသည် အိမ်နီးချင်းကောင်းပီသမှုအတွက် ထင်ရှားသော အမှတ်အသားပင်ဖြစ်ပါသည်။

ထို့အတူ နှစ်နိုင်ငံအကြား ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် နှစ်နိုင်ငံဆက်ဆံမှုဘောင်အတွင်း စီးပွားရေးနှင့် ကုန်သွယ်ရေးကဏ္ဍတွင် အပြန်အလှန်ကူးလူးဆက်ဆံမှုကို တိုးမြှင့်ဆောင်ရွက်နိုင်သည့် သာဓကများပင်ဖြစ်ပါသည်။ ဗီယက်နမ်နိုင်ငံ WTOသို့ ဝင်ရောက်ခွင့်ရရေးအတွက် ထောက်ခံမှုပေးခြင်းအတွက် ကျေးဇူးတင်ရှိပါသည်။ မိမိအနေဖြင့် မြန်မာနှင့် ဗီယက်နမ် နှစ်နိုင်ငံအကြား ဒေသဆိုင်ရာနှင့် နိုင်ငံတကာအရေးကိစ္စများတွင် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်မှုများကို များစွာတန်ဖိုးထားပါသည်။

တောင်ဗီယက်နမ် လွတ်မြောက်ခဲ့ခြင်း နှစ်(၃၀)ပြည့်အခမ်းအနားကို မကြာသေးမီက ဗီယက်နမ်နိုင်ငံတစ်ဝန်းတွင် ကျင်းပခဲ့ပါသည်။ ယင်းအချိန်မှစ၍ သာတူညီမျှရှိ၍ ဖွံ့ဖြိုးတိုးတက်ယဉ်ကျေးသော ဒီမိုကရေစီလူ့ဘောင်ဘဝ ထူထောင်လျက် ဆင်းရဲမွဲတေမှုနှင့် နောက်ကျန်မှုများကို ကျော်လွှားဖြေရှင်းပြီး အမျိုးသားလွတ်လပ်ရေး အပြည့်အဝရှိသော ကာလသစ်တစ်ခုဆီသို့ ရောက်ရှိရန် ချီတက်ခဲ့ကြပါသည်။

ယနေ့ကာလတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်းဆိုမှုများနှင့် ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်စဉ်များနှင့်အညီ တဖြည်းဖြည်းချင်း ပေါင်းစည်းမိစေရန် တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားလျက်ရှိပါသည်။ ယင်းမှတစ်ဆင့် သာတူညီမျှသော ဒီမိုကရေစီလူ့ဘောင်၊ တောင့်တင်းခိုင်မာသော နိုင်ငံတော်နှင့် ချမ်းသာသည့်ပြည်သူများဖြစ်စေရန်ဟူသည့် မျှော်မှန်းချက်များ ရရှိစေရန် ဖော်ဆောင်သွားမည်ဖြစ်ပါသည်။

ဤသည်မှာ ဗီယက်နမ်ပြည်သူများ၏ လိုလားတောင့်တချက်ပင်ဖြစ်ပြီး ယင်းတောင့်တချက်သည် မိမိနိုင်ငံလွတ်လပ်ရေးနှင့် ဗီယက်နမ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးအတွက် အတိတ်ကာလက တောင့်တချက်များနှင့် ထပ်တူထပ်မျှဖြစ်ပါသည်။

ဗီယက်နမ်အစိုးရနှင့် ပြည်သူများအနေဖြင့် စီးပွားရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးရာများတွင် အရေအတွက်ရော၊ အရည်အသွေးပါ တိုးတက်စေရန်အတွက် ပြည်တွင်းအရင်းအမြစ်များ၊ ပြည်ပအကူအညီများကို ပြည့်ဝစွာ အသုံးချ၍ ကောင်းမွန်သော လူမှုပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးမည်ဖြစ်ပါသည်။ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးတွင် နှစ်ဦးနှစ်ဖက် အပြန်အလှန် အကျိုးတူရှိမှု၊ အကျိုးရှိမှု မူဝါဒကိုအခြေခံ၍ နိုင်ငံတကာအသိုင်းအဝန်း၏ ယုံကြည်ရသော မိတ်ဖက်နိုင်ငံတစ်ခုအဖြစ် ဖြစ်လာစေရန် မိမိတို့ပြင်ဆင်ထားပြီးဖြစ်ပါသည်။ နိဂုံးချုပ်အားဖြင့် မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးသည် ဆက်စပ်ပြောင်းလဲဖြစ်ပေါ်နေသည့် ဖြစ်စဉ်နှင့်အညီ နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်စေရေးအတွက် တူညီသော စိတ်ဆန္ဒများရှိမှုအပေါ် မိမိအနေဖြင့် ဝမ်းမြောက်မိပါသည်။

(သတင်းစဉ်)

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံစီးပွားကုန်သွယ်မှု တိုးမြှင့်ရေးဆွေးနွေး

ရန်ကုန် မေ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်နှင့် ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များအား မေ ၂၄ရက်နံနက်ပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံ Indo-Myanmar Chamber of Commerce & Industry ဥက္ကဋ္ဌ Mr. G.L Goenka ခေါင်းဆောင်၍ အဖွဲ့ဝင် ၁၀ဦးပါသော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံဆွေးနွေးကြသည်။

(သတင်းစဉ်)

မေ ၂၆ရက်က သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် ဇနီး မြန်မာ-ဗီယက်နမ် သံတမန်ဆက်သွယ်မှု နှစ်(၃၀)ပြည့်အခမ်းအနားသို့ တက်ရောက်ရာ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tran Van Tung **က ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

❀ ပို့ဆောင်ရေးမှ

ပိုလီဖက်အုပ်၊ သဲအိတ်စီ ရေကာ၊ မျှောရေကာကမ်းပြိုမှု ကာကွယ်ရေး ထိန်းသိမ်းမှုလုပ်ငန်းများ ရေတိုက်စားမှု လျော့ပါးရေးအတွက် ဗေဒါပင်များ စိုက်ပျိုးမွေးမြူထားမှုနှင့် တံတားအောက်ရေလမ်းကြောင်းနှင့်ရေအနက်ရရှိမှုအခြေအနေ၊ သောင်တူးလုပ်ငန်းများဆောင်ရွက်နေမှု၊ စက္ကော့အထက်ပိုင်း ရေလမ်းကြောင်း အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်က စီမံကိန်းလုပ်ငန်းများအတွက် ပံ့ပိုးပေးသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဝန်ကြီး ဦးဖေသန်းက စီမံကိန်းလုပ်ငန်း၏ အခြေအနေကို ပုံစံဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက တံတားတိုင်များအကြား ရေအနက်တိုင်းတာရေး လုပ်ငန်းများကို အမြဲဆောင်ရွက်ထားကြရေးနှင့် လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ကြိမ်ပင်ဆည်ဘက်ကမ်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေအား လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

❒ အပူပိုင်းဒေသမှ

စိုပြည်ရေးလုပ်ငန်းများကို စီမံချက်ပါအတိုင်း အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂ္ဂလိက ကျွန်းစိုက်ခင်းများ ထူထောင်မှုအတွက် သတ်မှတ်စည်းကမ်းများအတွင်း ဆောင်ရွက်ရေး၊ စက်သုံးဆီနှင့် ဘတ်ဂျက် ခြိုးခြံချွေတာရေး၊ ဆုပေး၊ ဒဏ်ပေးစနစ် ကျင့်သုံးရေး၊ ရုံး၊ ဌာနများတွင် လုံခြုံရေးသတိ အမြဲရှိရေး၊ စီမံချက်များ ရေးဆွဲဆောင်ရွက်ရေး၊ ပြည်ပဝင်ငွေလျာထားချက်ပြည့်မီရေး လုပ်ငန်းဆိုင်ရာများကို အသေးစိတ် ရှင်းလင်းမှာကြားပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ပေးသည်။

လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ ဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပြည်နယ်နှင့် တိုင်းများမှ ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးသန်းအောင်အား ယူနီဆက်ဒါရိုက်တာ တွေ့ဆုံ

ရန်ကုန် မေ ၂၆

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်အား မြန်မာနိုင်ငံသို့ ရောက်ရှိနေသော UNICEF East Asia and Pacific Region မှ Regional Director, Ms. Anupama Rao Singh နှင့် ရန်ကုန်မြို့ရှိ ယူနီဆက်ဌာနေကိုယ်စားလှယ် Ms. Carroll C. Long တို့သည် မေ ၂၃ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွှန့်နှင့် ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇-၅-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ ရိုးရာကျေးလက်ကစားနည်း
၈:၀၀ ၇။ အကပြိုင်ပွဲ
၈:၁၀ ၈။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၈:၂၀ ၉။ ဂမုန်းရေလှောင်တမံ
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ English for Everyday Use
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice In Reading
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၂၅ ၇။ နည်းစနစ်မှန်မှန်အားကစားအခြေခံ
၅:၃၅ ၈။ **"သစ်ကောင်းတစ်ပင်" (နဒီစိုး၊ပြည့်စုံသျှင်၊ ကျော်မျိုးဟိန်း၊ မိုးယံထက်၊ ရန်ပိုင်စိုး၊ မောင်ဂဋ္ဌုန်) (ဒါရိုက်တာ-မိုးထက်လူ-သစ်တော)**
၅:၅၀ ၉။ မြန်မာစာ၊မြန်မာစကား
၆:၀၀ ၁၀။ တေးဂီတအစီအစဉ်
၆:၁၀ ၁၁။ Discovery.
၆:၁၅ ၁၂။ မူဟန်သွယ်သွယ်ဆိုကြမယ်
၆:၃၀ ၁၃။ ညနေခင်းသတင်း
၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောညီမ" (အပိုင်း-၃၄)**
၇:၃၅ ၁၆။ နှောင်းခေတ်တေးပဒေသာ
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **မြန်မာရုပ်ရှင် "အချစ်ကိုမွေးဖွားခြင်း" (အပိုင်း-၂) (ရန်အောင်၊လူမင်း၊ ထွန်းအိန္ဒြာဗို၊စိုးမြတ်နန္ဒာ) [ဒါရိုက်တာ-မောင်တင်ဦး]**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ငမိုးရိပ်၊ ဂျိုးဖြူ ရေပိုက်လိုင်းသစ်များ ဖွင့်ပွဲကျင်းပ မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန် တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် မေ ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံများဖြစ်ကြသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ သွပ်ဝိုင်းကြီးရပ်ကွက်နှင့် (င/က) ရပ်ကွက်တို့၌ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၏ ကြီးကြပ်မှုဖြင့် သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့သည့် ငမိုးရိပ်၊ ဂျိုးဖြူ ရေပိုက် လိုင်းသစ်များ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် ဖွင့်လှစ်ပေးကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ သဃ်န်းကျွန်းမြို့နယ် သွပ်ဝိုင်းကြီးရပ်ကွက် သံသုမာလမ်းနှင့် အောင်ရတနာလမ်းဆုံအနီးရှိ မုခ်ဦး ရှေ့၌ သွပ်ဝိုင်းကြီးရပ်ကွက် ငမိုးရိပ်၊ ဂျိုးဖြူရေပိုက်လိုင်းသစ်များကို မင်္ဂလာ အချိန် ကျရောက်သည်နှင့် ဗဟို အလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ သဃ်န်းကျွန်း မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင် ဝေနှင့် ရပ်ကွက် ရေသွယ်ယူရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်ညွန့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

နှုတ်ဆက်အားပေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း က ကမ္ဘည်းမော်ကွန်း ကျောက်စာတိုင် ကို ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် များ ပက်ဖျန်းပေးကာ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများ သည် သွပ်ဝိုင်းကြီးရပ်ကွက်အတွင်းရှိ နေအိမ်များသို့ အချင်းခြောက်လက်မရှိ ရေပိုက် ၁၅၁၂ ပေ၊ အချင်းလေးလက်မ ရှိ ရေပိုက် ၂၅၉၂ပေ၊ အချင်း နှစ်လက်မ ရှိ ရေပိုက် ၇၃၀၆ ပေတို့ဖြင့် ရေပိုက် များ ဆက်သွယ်ထားရှိမှု၊ ရေရရှိမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးကြပြီး ရပ်ကွက်ပြည်သူများ အား ရင်းနှီးစွာ နှုတ်ဆက်အားပေးကြ သည်။

တက်ရောက်

ဆက်လက်၍ သဃ်န်းကျွန်းမြို့နယ် (င/က)ရပ်ကွက် စံချိန်သစ်လမ်းနှင့် သံသုမာလမ်းဆုံ၌ ပြုလုပ်သည့် (င/ က)ရပ်ကွက် ငမိုးရိပ်၊ ဂျိုးဖြူရေပိုက် လိုင်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက် ရောက်ကြပြီး မင်္ဂလာအချိန် ကျရောက် သည်နှင့် အဆိုပါရေပိုက်လိုင်းသစ်ကို ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ မြို့နယ် အသင်း အတွင်းရေးမှူး ဦးခင်ဝေနှင့် ရပ်ကွက်ရေသွယ်ယူရေး ကော်မတီ ဥက္ကဋ္ဌ ဦးကြည်လွင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပက်ဖျန်း

ယင်းနောက် ရေပိုက်လိုင်းသစ်ဖွင့်ပွဲ အထိမ်းအမှတ် ကမ္ဘည်းမော်ကွန်း ကျောက်စာတိုင်ကို ဗဟိုအလုပ် အမှုဆောင် မြို့တော်ဝန်က ဖွင့်လှစ်ပေး ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေး သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြို့တော်ဝန်နှင့်ဒုတိယ မြို့တော်ဝန်တို့သည် သဃ်န်းကျွန်း မြို့နယ် (င/က) ရပ်ကွက်အတွင်းရှိ အိမ်ခြေ ၅၀၀ တို့သို့ ခြောက်လက်မ အချင်းရှိ ရေပိုက် အရှည်ပေ ၃၄၀၀၊ အချင်းလေးလက်မရှိ ရေပိုက်အရှည် ၃၉၆၇ပေ၊ အချင်းနှစ်လက်မရှိ ရေပိုက် အရှည် ၁၀၂၉၉ပေတို့ဖြင့် ဆက်သွယ် ထားရှိမှု၊ သောက်သုံးရေ ရယူသုံးစွဲ နေမှုအခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးကြပြီး ရပ်ကွက်နေပြည်သူများ အား ရင်းနှီးစွာ နှုတ်ဆက်အားပေးကြ သည်။

ထို့နောက် ရေပိုက်လိုင်းသစ်များဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို သွပ်ဝိုင်းကြီး ရပ်ကွက် အခြေခံပညာ မူလတန်း ကျောင်း အမှတ် (၂၈)၌ ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ဂုဏ်ပြု အမှာစကားပြောကြားပြီး မြို့နယ် အသင်း အတွင်းရေးမှူး ဦးခင်ဝေက မြို့နယ်အတွင်း သောက်သုံးရေ ရရှိစေ ရေးဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ သွပ်ဝိုင်းကြီးရပ်ကွက် ရေသွယ်ယူရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်ညွန့်နှင့် (င/က)ရပ်ကွက် ရေသွယ်ယူရေး ကော်မတီဥက္ကဋ္ဌ ဦးကြည်လွင်တို့က ရပ်ကွက်များအလိုက် ငမိုးရိပ်၊ ဂျိုးဖြူရေပိုက် သွယ်ယူ တပ်ဆင်ခဲ့ရမှု အခြေအနေများကိုလည်း ကောင်း ရှင်းလင်းတင်ပြ၍ ရပ်မိရပ်ဖ ဦးရန်အောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ပေးအပ်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ထံသို့ (င/က)ရပ်ကွက်နေ ပြည်သူများ ၏ အသင်းဝင်အဆိုပြုလွှာ ၅၃၂၈ စောင်ကို ဒေါ်ဝင်းဝင်းသန်းကလည်း ကောင်း၊ ဗဟိုအလုပ် အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ထံသို့ သွပ်ဝိုင်းကြီးရပ်ကွက်နေပြည်သူ များ၏ အသင်းဝင် အဆိုပြုလွှာ ၄၈၈၅ စောင်ကို ဦးခင်ဆွေကလည်း ကောင်း အသီးသီးပေးအပ်ကြရာ ဗဟို အလုပ်အမှုဆောင်များက အသင်းဝင် အသိအမှတ်ပြုကတ်ပြားများ ပြန်လည် ပေးအပ်ကြသည်။

(၁၉)

ဝန်ကြီး ဦးအောင်သောင်း သင်တန်းဆင်းပွဲ တက်ရောက်

ရန်ကုန် မေ ၂၆

အမှတ်(၁) စက်မှုဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သော လုပ်ငန်းဆိုင်ရာ ပညာပေးသင်တန်း အမှတ်စဉ် (၁/၂၀၀၅)နှင့် ရုံးလုပ်ငန်းဆိုင်ရာ ကွန်ပျူတာ မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၀၅) သင်တန်းများ ဆင်းပွဲအခမ်း အနားကို ယနေ့နံနက် ၇နာရီတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန သင်တန်း ခန်းမဆောင်၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင် သောင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးက လုပ်ငန်း ဆိုင်ရာပညာပေး သင်တန်းအမှတ်စဉ် (၁/၂၀၀၅)တွင် ထူးချွန်စွာ အောင်မြင် ကြသူများနှင့် ရုံးလုပ်ငန်းဆိုင်ရာ ကွန်ပျူတာ မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၀၅)တွင် ဆုရရှိကြသူများ အား ဂုဏ်ပြုဆုများချီးမြှင့်ပြီး သင်တန်း ဆင်း လက်မှတ်များကို သင်တန်း ခေါင်းဆောင်များသို့ ပေးအပ်သည်။

(သတင်းစဉ်)

နယ်စပ်/ စည်ပင် ညွှန်ကြားရေးမှူးချုပ် ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ်မှုစစ်ဆေး

ရန်ကုန် မေ ၂၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန စည်ပင် သာယာရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးမျိုးမြင့်သည် ဒုတိယ ညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဦးကျော်နှင့် တာဝန်ရှိသူများလိုက်ပါ လျက် မေ ၂၄ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များ၏ မြို့သာယာလှပရေး၊ မြို့ရေပေးရေးနှင့် ခရိုင်ချင်းဆက်လမ်း ဆောင်ရွက်နေမှု များကို သွားရောက်စစ်ဆေးသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် ဝမ်းတွင်းမြို့နယ် ဂုဏ်ရွာရှိ ခရိုင် ချင်းဆက်လမ်း လုပ်ငန်းခွင်သို့ ရောက် ရှိရာ ရှင်းလင်းဆောင်၌ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြား ရေးမှူး ဦးကံလှနှင့် ဒုတိယအင်ဂျင် နီယာမှူးကြီး ဦးမြင့်ဦးတို့က ခရိုင်ချင်း ဆက်လမ်း တစ်ကြောင်းထိုးဆောင် ရွက်ပြီးစီးမှု၊ ပေ ၃၀အကျယ် မြေသား လမ်းဆောင်ရွက်ပြီးစီးမှု၊ စက်ယန္တရား ခွဲဝေသုံးစွဲမှုများကို ရှင်းလင်းတင်ပြကြ သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် သည် ဝမ်းတွင်းမြို့နယ်နှင့် သာစည် မြို့နယ်အစပ် ဟစ်တော်မူဘုရားအနီး လုပ်ငန်းခွင်၌ ဦးစီးဌာနပိုင် စက် ယန္တရားကြီးများဖြင့် မြေသားလမ်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး သည်။ **(အပေါ်ပုံ)**

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ် သည် ကျောက်ဆည်မြို့သို့ ရောက်ရှိပြီး မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံး၌ ကျောက်ဆည်၊ မကွေး၊ ချောက်မြို့နယ် များမှ အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာများအား တွေ့ဆုံပြီး မြို့ရေပေးရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းမှာကြားသည်။

ဇော်ဂျီပတ်လမ်း

ဆက်လက်၍ ဇော်ဂျီပတ်လမ်း တစ်လျှောက် မြို့သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင် စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုပြီး ဆေးရုံပတ်လမ်း၌ ပန်းအလှပင်များ၊ အုန်းပင်များ ဝေဝေဆာဆာ စိုက်ပျိုး ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ရပ်ကွက်အလိုက် အိမ်သွယ်ရေတိုင်များ၌ ရေမီတာ တပ်ဆင်အသုံးပြုနေမှုနှင့် အများသုံး ရေကန်များမှ ရပ်ကွက်နေပြည်သူများ အား ရေဖြန့်ဝေပေးနေမှုများကို စစ်ဆေး ပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ပုသိမ်ကြီးမြို့နယ် လက်ကောင်းစံပြ ကျေးရွာရှိ ကျေးလက်အိမ်ရာများကို စစ်ဆေးသည်။

(သတင်းစဉ်)

AMARA Media လုပ်ငန်း ရုံးခန်းဖွင့်

ရန်ကုန် မေ ၂၆

AMARA Media လုပ်ငန်း ရုံးခန်း ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါလုပ်ငန်း ရုံးခန်းတည်ရှိရာ အမှတ် (၂၁၆/၂၂၂) အခန်း GF၊ ဗိုလ်မြတ်ထွန်းအိမ်ရာ ဗိုလ်မြတ်ထွန်း လမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပသည်။

အဆိုပါ AMARA Media လုပ်ငန်းသည် ရုပ်ရှင်ဗီဒီယို တည်းဖြတ် ခြင်း၊ ကွန်ပျူတာ အထူးပြုလုပ်ချက် များ ပြုလုပ်ခြင်း၊ ဗီစီဒီ၊ ဒီဗီဒီများ ထုတ်လုပ်ဖြန့်ချိခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ရုံးခန်းဖွင့်ပွဲ အခမ်းအနားသို့ သတင်း နှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန် ကြားရေးမှူး ဦးစိုးဝင်း၊ အကြံပေးပုဂ္ဂိုလ် ဦးတင်ခ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ ရန်ကုန်အရှေ့ပိုင်း ခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန် နှင့် ဂျာနယ်များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး လုပ်ငန်းဆောင်ရွက် မည့် အစီအစဉ်များကို လုပ်ငန်းတာဝန်ခံ ဦးဇွန်မင်းက ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)



ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်း ဗိုလ်မြတ်ထွန်း အိမ်ရာ အမှတ် (၂၁၆/၂၂၂) အခန်း (GF)၌ဖွင့်လှစ်ထားသည့် AMARA Media လုပ်ငန်းရုံးခန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ပရိယတ္တိသဒ္ဓမ္မပါလ စာဖြေ စာပြန်ပွဲတော်ကျင်းပ

ရန်ကုန် မေ ၂၆

ရေးဖြေ(၄၆)ကြိမ်မြောက်၊ အာဂုံပြန်(၄၇)ကြိမ်မြောက် ပရိယတ္တိသဒ္ဓမ္မ စာဖြေစာပြန်ပွဲတော်ကြီးကို မေ ၁၆ ရက်မှ ၂၂ ရက်အထိ ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ပင်လုံမြို့ မင်္ဂလာမွေတော် ပရိယတ္တိစာသင်တိုက်နှင့် ပိဋကတ်ပရိယတ္တိစာသင်တိုက်တို့၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

ဝင်ရောက်ဖြေဆို

ပိဋကတ်သုံးပုံ ပါဠိတော်ကို မိုင်းရှူးဆရာတော်ကြီးဦးပညာဘောဂဦးစီး၍ ရှမ်းပြည်နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလစာဖြေ၊ စာပြန်ပွဲတော်ကြီးအဖြစ်နှစ်စဉ်ကျင်းပခဲ့ရာ ၂၀၀၅ခုနှစ်တွင် ရှမ်းပြည်နယ် တစ်ခုလုံးမှ အာဂုံပြန် ရဟန်း၊ ရှင်သာမဏေ ၅၄၂ပါး၊ ရေးဖြေ ရဟန်း၊ ရှင်သာမဏေ၊ သီလရှင်အပါး ၇၁၀ စုစုပေါင်း ၁၂၅၂ပါး ဝင်ရောက်ဖြေဆိုတော်မူကြသည်။

မေ ၂၂ရက် ၁၃၆၇ ခုနှစ် ကဆုန်လပြည့်နေ့ မွန်းတည့်၁၂နာရီတွင် မင်္ဂလာမွေတော်ဘုရားကြီးဓမ္မာရုံ၌ ၂၀၀၄ ခုနှစ် ဓမ္မာစရိယတန်းအောင် သံဃာတော်ငါးပါးနှင့် ၂၀၀၅ ခုနှစ် အာဂုံပြန်/ရေးဖြေအောင် အတန်းအသီးသီးမှ ရဟန်း၊ ရှင်သာမဏေ၊ သီလရှင်စုစုပေါင်း ၉၉၅ပါးတို့အား အောင်လက်မှတ်ဆုဆက်ကပ်လှူဒါန်းခြင်းနှင့် တရားတော်နာ ရေစက်ချအမျှပေးဝေခြင်းအခမ်းအနားကိုကျင်းပရာ လွိုင်လင်တပ်နယ်မှ ဗိုလ်မှူးကြီးတင်ဌေးနှင့် တပ်မတော် အရာရှိကြီးများ၊ လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်သာသနာရေးမှူး၊ လွိုင်လင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ပင်လုံမြို့အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

(သတင်းစဉ်)

ဓမ္မစာပေ ဆောင်းပါးပြိုင်ပွဲ စာမူပေးပို့ရက်တိုးမြှင့်

ရန်ကုန် မေ ၂၆

မဟာဗောဓိမြိုင် ဆရာတော်ကြီးအား အမှူးထား၍ ဗောဓိမြိုင် ဓမ္မရသစာစု ဖြစ်မြောက်ရေးအဖွဲ့က "နေကွန္မပါရမီ ဟူသည်" ခေါင်းစဉ်ဖြင့် စီစဉ်ကျင်းပသည့် ဓမ္မစာပေ ဆောင်းပါးပြိုင်ပွဲ အတွက် ပြိုင်ပွဲဝင်စာမူများကို ဖိတ်ခေါ်လျက်ရှိသည်။

ပြိုင်ပွဲဆိုင်ရာ အချက်အလက်များကို ဇွန်လဆန်းတွင် ထုတ်ဝေမည့် ဗောဓိမြိုင် ဓမ္မရသစာစု(၄)တွင် ထပ်မံဖော်ပြထားကြောင်းနှင့် စာပေပညာရှင်များ ပိုမိုကျယ်ပြန့်စွာ ပါဝင်ရေးသားနိုင်ရေးအတွက် စာမူပေးပို့ရမည့် နောက်ဆုံးရက်ကို မေ ၃၁ရက်အစား လာမည့်ဇွန် ၃၀ ရက်သို့ ပြောင်းရွှေ့သတ်မှတ်ပေးထားသည်။ (သတင်းစဉ်)

မြသိန်းတန်ဆရာတော် ဝိဇာတမင်္ဂလာကျင်းပ

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် မြသိန်းတန်စာသင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တကေသရ(အဂ္ဂမဟာပဏ္ဍိတ)ဆရာတော်ကြီး၏ သက်တော်(၇၉)နှစ်မြောက် ဝိဇာတမွေးနေ့ ကုသိုလ်တော် အခမ်းအနားကို ဆရာတော်ကြီး၏ မွေးရပ်ဇာတိဖြစ်သော မကွေးတိုင်း ရေစကြိုမြို့နယ် စည်သာစံပြကျေးရွာတွင် မေ ၂၁ရက်ကကျင်းပရာ ကျေးရွာအဖွဲ့အစည်းအသီးသီးမှပုဂ္ဂိုလ်များ၊ဒါယကာ၊ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။ အခမ်းအနားတွင် ကျောက်ပန်းတောင်းမြို့၊ အောင်တော်မူ မဟာစည်သာသနာ့ရိပ်သာမှ ဆရာတော်ဘဒ္ဒန္တကုမာရက အနုမောဒနာတရားဟောကြားပြီး **(အပေါ်ပုံ)** ပင့်သံဃာ၃၁ပါးတို့အား သင်္ကန်း၊ ထီး၊ ဖိနပ်စသည့် လှူဒါန်းဖွယ်ရာများ ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချအမျှပေးဝေကြသည်။ (က-ပ)

ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၆

A.H.K Product Co,. Ltd မှ ထုတ်လုပ်သော Black Sea ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း (ပါရမီလမ်းနှင့် ကျိုက်ဝိုင်းဘုရားလမ်းကြား)ရှိ Hero Restaurant ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် A.H.K Product ကုမ္ပဏီမှ ဥက္ကဋ္ဌ ဦးဝင်းအောင်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ လက်ထောက်အထွေထွေမန်နေဂျာ ဦးကြည်မြင့်က ကုန်ပစ္စည်းအသစ်နှင့်စပ်လျဉ်းပြီး မိတ်ဆက်စကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိလိုသည့်အချက်အလက်များ မေးမြန်းရာ ကုမ္ပဏီမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ (သတင်းစဉ်)

မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးနည်းပညာပေးသင်တန်းဖွင့်

ရန်ကုန် မေ ၂၆

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းကကြီးမှူးဖွင့်လှစ်သည့် မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရေးစိုက်ပျိုးနည်းပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အင်းစိန်မြို့နယ် ကြို့ကုန်းရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးစေ့ဌာနခွဲခန်းမ၌ကျင်းပရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး အထွေထွေမန်နေဂျာများက လုပ်ငန်းဆိုင်ရာများကို မှာကြားကြသည်။

အဆိုပါ သင်တန်းတွင် သီးနှံအထွက်နှုန်းတိုးရေးနှင့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆောင်ရွက်ရမည့် နည်းစနစ်များနှင့် သီးနှံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းစနစ်များကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

သင်တန်းသို့ ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ခရိုင်နှင့် မြို့နယ် ၁၆ မြို့နယ်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ စိုက်ပျိုးရေးပညာရှင်များ၊ကွင်းဝန်ထမ်းများ စုစုပေါင်း ၁၆၆ ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

အမှတ်ပေးဘောလုံးပြိုင်ပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ အမှတ်ပေးဘောလုံးပြိုင်ပွဲများကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ရှိ သတ်မှတ်ထားသော ဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပသည်။

တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ကျင်းပသော ဒုတိယတန်း အမှတ်ပေးဘောလုံး ပြိုင်ပွဲတွင် ရန်ကုန်တိုင်း လူငယ်အသင်းနှင့် ရွှေညီနောင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်း လူငယ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ ကျင်းပသော တတိယတန်း အမှတ်ပေးဘောလုံး ပြိုင်ပွဲတွင်ရွှေကြိုးကြာအသင်းနှင့် ဘောဘီဗိုက်တာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရွှေကြိုးကြာအသင်းက တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိသွားသည်။ (သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ လီဗာပူးဗိုလ်စွဲ အေစီမီလန်ကို ပိုင်နယ်တီအဆုံးအဖြတ်ဖြင့်နိုင်

အစ္စတန်ဘူလ် မေ ၂၆

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို တူရကီနိုင်ငံ မြို့တော် အစ္စတန်ဘူလ်ရှိ အတာတက်ခ် အားကစားကွင်းတွင် ဗုဒ္ဓဟူးနေ့က ယှဉ်ပြိုင်ကစားရာ သာမန်ကစားချိန်တွင်ရော၊ အချိန်ပိုတွင်ပါ သုံးဂိုးစီ သရေကျနေ၍ ပိုင်နယ်တီ အဆုံးအဖြတ်ကန်ရာမှ လီဗာပူးအသင်းက အေစီမီလန်ကို ပိုင်နယ်တီ သုံးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရကာ ချန်ပီယံဆုဖလားကြီးကို ရရှိသွားသည်။

ပွဲကစားချိန် ပထမပိုင်းတွင်းမှာပင် အီတလီအေစီမီလန်အသင်းက သုံးဂိုး သွင်းယူနိုင်ခဲ့ပြီး အင်္ဂလန် လီဗာပူး အသင်းကို မည်သို့မျှ မလှုပ်နိုင်အောင် ဖိကစားထားနိုင်ခဲ့သည်။

ပြစ်ဒဏ်ဘော

ပွဲစပြီး မကြာခင်မှာပင် အေစီမီလန်အသင်းမှ ပီယာလိုကန်တင်သည့် ပြစ်ဒဏ်ဘောကို အသင်းခေါင်းဆောင် မာလ်ဒီနီက သွင်းယူနိုင်ခဲ့သည်။

လီဗာပူးအသင်းမှ စမိုက်ဆာ၏ ပိုင်နယ်တီကန်သွင်းချက်ကို ကာကွယ်နိုင်ခြင်းမရှိသည့် အေစီမီလန်ဂိုးသမားဒီဒါအားတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တူရကီနိုင်ငံ အစ္စတန်ဘူလ်ရှိ အတာတက်ခ် အားကစားကွင်းတွင် ဗုဒ္ဓဟူးနေ့ကကျင်းပသော ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် အေစီမီလန်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် လီဗာပူးအသင်း အသင်းခေါင်းဆောင် စတီဗင်ဂျရတ်နှင့် အသင်းမန်နေဂျာ ရာဖေးလ်ဘင်နီတက်ဇ်တို့က ချန်ပီယံလိဂ်ဆုဖလားကြီးကို ကိုင်မြှောက်ပြနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အေစီမီလန်အသင်းက ဦးဆောင်ဂိုး ရရှိသွားပြီးနောက် ပွဲချိန် ၃၉ မိနစ်နှင့် ၄၄ မိနစ်တို့တွင် ခရက်စပိုတစ်ဦးတည်းက အေစီမီလန်အသင်းအတွက် နောက်ထပ်နှစ်ဂိုးသွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် လီဗာပူးအသင်းက ချေပဂိုးများသွင်းယူနိုင်ရန် ဖိကစားလာခဲ့သည်။ သုံးဂိုးအထိ အကျော်ပေးခံထားရသော လီဗာပူးအသင်းအတွက် မျှော်လင့်ချက်ပေးစွမ်းသူမှာ အသင်းခေါင်းဆောင် စတီဖင်ဂျရတ်ဖြစ်သည်။ ပွဲချိန်၅၄မိနစ်တွင် ဝဲဘက်မှနေ၍ ရီဆား ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ဂျရတ်က ခေါင်းတိုက်သွင်းယူခဲ့ရာ အေစီမီလန်ဂိုးသမားဒီဒါ ကာကွယ်နိုင်ခြင်းမရှိခဲ့ပေ။

ယင်းနောက်တွင် လီဗာပူးအသင်းက မိနစ်အနည်းငယ်စီခြား၍ နောက်ထပ်ချေပဂိုးနှစ်ဂိုးကို ဆင့်ကဲဆင့်ကဲ သွင်းယူနိုင်ခဲ့သည်။ပွဲချိန်၅၆မိနစ်တွင် လီဗာပူးအသင်းမှ အလွန်ဆိုက ဝဲဘက်မှ ယာဘက်သို့ပို့ပေးလိုက်သည့် ဘောလုံးမှာ လူစားဝင်လာသူ ဟာမန်းထံ ရောက်ရှိသွားပြီး ၎င်းမှတစ်ဆင့် စမိုက်ဆာက ပိုင်နယ်တီ ဧရိယာ အပြင်ဘက်မှ ကန်သွင်းယူခဲ့သည်။

ပွဲချိန်၅၉မိနစ်တွင် အလွန်ဆိုက ပိုင်နယ်တီကန်သွင်းရာ ဂိုးသမားဒီဒါက ကွယ်နိုင်သော်လည်း ပြန်အန်ထွက်လာသည့် ဘောလုံးကို ထပ်မံသွင်းယူရာ ဂိုးဝင်သွားခဲ့သည်။

အေစီမီလန်နှင့် လီဗာပူးအသင်း သရေဖြစ်နေ၍အချိန်ပိုကစားရသည်။ အချိန်ပို ကစားခဲ့ကြရာတွင်လည်း ဂိုးသွင်းနိုင်ခြင်းမရှိသဖြင့် ပိုင်နယ်တီအဆုံးအဖြတ်ရယူရာ လီဗာပူးက သုံးဂိုး၊ အေစီမီလန်က နှစ်ဂိုးသွင်းယူနိုင်ခဲ့ကြသည်။ လီဗာပူးအသင်းအတွက် ပိုင်နယ်တီဂိုးများကို ဟာမန်း၊ ဆစ်စီ၊ စမိုက်ဆာတို့ကသွင်းယူပြီး အေစီမီလန်အသင်းအတွက် တိုမာဆန်နှင့် ကာကာတို့က သွင်းယူခဲ့ကြသည်။ **ရိုက်တာ။**

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူးဒေါ်လှဲလှဲစိုးနှင့် အဖွဲ့ဝင်များ၊ ပြည်သူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ မေ ၂ ရက်က မြို့မ စည်ပင်သာယာဈေး အတွင်း၊ အပြင် သန့်ရှင်းရေး၊ ရေစီးရေလာ ကောင်းမွန်ရေး၊ ရေမြောင်းများ ရှင်းလင်းခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပ

မိုးညှင်း မေ ၁၈

မိုးညှင်းမြို့ မြို့မရပ်ကွက် ကိုယ့်အားကိုယ်ကိုး ဘိုးရာဇာ စာကြည့်တိုက်ဖွင့်ပွဲကို မေ ၁၅ ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မိုးညှင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ဒင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မိုးညှင်းခရိုင်တာဝန်ခံ ဦးစီးအရာရှိ ဦးမာန်ငိုင်းက စာအုပ်စာပေ လူ့မိတ်ဆွေ ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောသည်။

ထို့နောက် ဘိုးရာဇာ စာကြည့်တိုက်သို့ အလှူငွေနှင့် စာအုပ်များ လှူဒါန်းပေးအပ်ကြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကိုယ်စား ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက ငွေကျပ် ၁၀၀၀၀၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ယဉ်မင်းထွန်းက ငွေကျပ် ၅၀၀၀၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကိုယ်စား မြို့နယ်အတွင်းရေးမှူး ဦးဝင်းမြင့်က ငွေကျပ် ၅၀၀၀၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြင်ရှိန်က ငွေကျပ် ၅၀၀၀၊ ဦးခင်မောင်ရွှေ–ဒေါ်ကြည်ကြည်အေး (ပစ်တိုင်းထောင်) မိသားစုက ငွေကျပ် ၆၀၀၀၊ ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးအုန်းရွှေ–ဒေါ်မြသန်း မိသားစုက ငွေကျပ် ၅၀၀၀၊ လယ်ယာဖွံ့ဖြိုးရေးဘဏ် မိသားစုက ငွေကျပ် ၃၀၀၀နှင့် အလှူရှင်များက စာအုပ်စာစောင်ပေါင်း ၅၀၀ ကျော်ကို မြို့မရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ရီသို့ ပေးအပ်လှူဒါန်းကြသည်။ **(ခရိုင်ပြန်/ဆက်)**

ဖျာပုံမြို့တွင် သောက်သုံးရေ ပေးဝေလျက်ရှိသော ကန်တော်ကြီး သောက်ရေကန်၌ မေ ၁၈ရက်က ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အမှုဆောင်များ၊ အသင်းဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် ဝန်ထမ်းများ ပူးပေါင်း၍ ရေကန်အနီး ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကန်ပေါင်သန့်ရှင်းရေး လုပ်ငန်းတို့ကို စုပေါင်းဆောင်ရွက်ကြစဉ်။ (၃၈၃)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်လှူဒါန်း

ခန္တီး မေ ၂၀

စစ်ကိုင်းတိုင်း ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဟုမ္မလင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်း၏ ပံ့ပိုးကူညီမှု၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးတို့၏ ကူညီမှုဖြင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အသစ် ဖွင့်လှစ်သည့် ကျေးရွာအုပ်စု ၄၇ အုပ်စုအတွက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့အစည်းများမှ စာအုပ် ၃၀၂ အုပ်နှင့် ငွေကျပ် ၄၂၀၀၀ ကို ဧပြီ ၂၉ ရက်က ပေးအပ်လှူဒါန်းသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးချိုင်းဟိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(မြို့နယ်ပြန်/ဆက်)**

မြောင်းမြခရိုင် ပြန်/ဆက်ဦးစီးဌာန၏ ၂၀၀၅ ခုနှစ် ပထမ လေးလပတ် လုပ်ငန်းသုံးသပ်ချက်နှင့် ဒုတိယ လေးလပတ် လုပ်ငန်းလျာထားချက်အစည်းအဝေးကို မေ ၁၆ ရက်က မြောင်းမြခရိုင်ရုံးတွင် ကျင်းပရာ ဧရာဝတီတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးအုန်းခိုင် အမှာစကားပြောကြားစဉ်။ (၁၇၆)

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅–၂၀၀၆ ခုဘဏ္ဍာရေးနှစ် မြို့ပြလမ်း၊ တံတားလုပ်ငန်းမှ မြို့တွင်း မဥ္ဇူလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို ဧပြီ ၂၈ရက်က အမှုဆောင်အရာရှိ ဦးသောင်းညွှန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

၂၀၀၅–၂၀၀၆ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်

ဝက်လက် မေ ၂၃

၂၀၀၅–၂၀၀၆ ခုနှစ် စိုက်ပျိုးရေးစီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ မေ ၁၅ ရက်က ကျင်းပသည်။

တာဝန်ပေးအပ်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်နိုင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးသိန်းအောင်က မျိုးစပါး ကောင်းမွန်ရေးနှင့် အချိန်မီ စိုက်ပျိုးရေးကို လည်းကောင်း၊ မြေစာရင်းဦးစီးအရာရှိဦးသိန်းလွင်က စီမံကိန်းတာဝန်ပေးအပ်ပွဲနှင့် ပတ်သက်၍လည်းကောင်း၊ ဆည်မြောင်းဦးစီးအရာရှိ ဦးစိုင်းကျော်ဇောသန်းက စိုက်ပျိုးရေ ရရှိရေးကိုလည်းကောင်း၊ မြို့နယ် စီမံကိန်းဦးစီးအရာရှိ ဦးကျော်ညွှန့်က လျာထားချက်ပြည့်မီရေးတို့ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ စိုက်ပျိုးရေး စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားရုပ်သိမ်းသည်။ **(၂၃၀)**

ဆုတောင်းပြည့်ဘုရား ဗုဒ္ဓပူဇနိယပွဲကျင်းပ

စဉ့်ကူ မေ ၂၄

ညောင်ဦးမြို့နယ် စဉ့်ကူမြို့ ဈေးတန်းရပ်ဆုတောင်းပြည့်မွှာရုံဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို ကဆုန်လပြည့်၊ မေ ၂၂ရက်က အဆိုပါဘုရား၌ ကျင်းပရာ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဥတ္တမနှင့် ပင့်သံဃာ အပါး ၂၀၀ ကျော်တို့အား အရုဏ်ဆွမ်းဆက်ကပ်ပြီး ဆွမ်းသပိတ်များ လောင်းလှူကာ စဉ့်ကူဆရာတော်ထံမှ ရေစက်ချတရား နာယူကြသည်။ **(က–ပ)**

ကဝမြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့တွင်းလမ်းဘေး ဝဲယာချုံနွယ်များရှင်းလင်းခြင်း၊ သွေးလွန်တုပ်ကွေးရောဂါနှင့် ကူးစက်ရောဂါများ မဖြစ်ပွားရေး၊ ခြင်နှိမ်နင်းရေးလုပ်ငန်းများကို မေ ၁၃ ရက်က ကဝ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လှ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ရှိန်တို့ ဦးဆောင်၍ သန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (၃၇၀)

မြေခင်းအလှပြုပြင်

မြစ်ကြီးနား မေ ၂၀

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်ကြီးကြပ်မှုဖြင့် သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ နေ့စဉ်ဆောင်ရွက်လျက်ရှိရာ မေ ၁၀ ရက်က မြေမြင့်ရပ်ကွက် ပြည်ထောင်စုလမ်း လမ်းလယ်ကျွန်းပေါ်တွင် မြေခင်းအလှပြုပြင်ခြင်း၊ ရာသီပန်းများ စိုက်ပျိုးခြင်းနှင့် လမ်းဝဲယာ တစ်လျှောက် ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

သန့်ရှင်းရေးဆောင်ရွက်

ဒေးဒရဲ မေ ၂၅

ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့မဈေးကြီးအတွင်း သန့်ရှင်းလှပရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် သန့်ရှင်းရေးနှင့် ရေမြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးအကျိုးဆောင်များ၊ ဈေးမီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူ၊ဈေးသားများစုပေါင်း၍ မေ ၂၁ ရက်က ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုးနှင့် ဒုတိယဦးစီးမှူး(အခွန်) ဦးအောင်ကျော်စိုးတို့က ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)** **(မြို့နယ်ပြန်/ဆက်)**

ကျေးလက်ဒေသ ကွင်းဆင်းဆေးဝါးကုသ

ကောလင်း မေ ၁၃

မန္တလေး ဆေးတက္ကသိုလ်နောက်ဆုံးနှစ် အပိုင်း(က) (၁/၂၀၀၅)ကျောင်းသူ၊ ကျောင်းသားသည် ဧပြီ ၂၃ရက်မှ မေ ၁၃ ရက်အထိ ကောလင်းမြို့ပေါ် ရပ်ကွက်နှင့်ကျေးရွာ အုပ်စုများ၊ သဖန်း ကျေးရွာဝန်း ကျင် သို့ ကွင်းဆင်း ကု သမှု ဆောင်ရွက်ခဲ့ကြသည်။

(ယာပုံ)

အဆိုပါ ဆေးကုသ ဆောင်ရွက်ရာသို့ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမောင်မောင်စိုးနှင့် ဝန် ထမ်း များ က လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။ အဆိုပါအဖွဲ့သည် ကောလင်းမြို့နယ် ပြည်သူ့ဆေးရုံအတွက် အလှူငွေနှင့် ဆေးပစ္စည်းများကိုလည်း လာရောက်လှူဒါန်းသွားသည်။ (၂၁၄)

နွေရာသီ အသုံးလုံးသင်တန်းနှင့် စာဖတ်ဝိုင်း အချိန်အဟုန်မြှင့်

သီပေါ မေ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပညာရေးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော နွေရာသီ "အ"သုံးလုံးသင်တန်းနှင့် စာဖတ်ဝိုင်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းလုပ်ငန်းကို မေ ၁၉ ရက်က ကုန်းသာကျေးရွာ အလယ်တန်းကျောင်း စာဖတ်ဝိုင်း၌ ကျင်းပသည်။

အခမ်းအနားတွင် သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုင်းသာလှိုင်၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစိုးတင့်၊ ဦးသိန်းဌေးနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဌေးဌေးရှိန်တို့က စာဖတ်ဝိုင်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန် ပြောကြားပြီး သင်တန်းသားများအတွက် ဗလာစာအုပ်များ ပေးအပ်လှူဒါန်းသည်။ အဆိုပါ နွေရာသီ "အ"သုံးလုံးသင်တန်းသို့ ကုန်းသာ၊ နားမွန်း၊ ရွာသစ်ကျေးရွာများမှ တိုင်းရင်းသားပြည်သူ ၁၂၈ဦး တက်ရောက်ကြသည်။ **(၂၄၇)**

ဝက်လက်မြို့နယ် ၂၀၀၅-၂၀၀၆ ခုနှစ် မိုးသီးနှံစုံ စီမံကိန်းတာဝန်ပေးအပ်ပွဲကျင်းပ

ဝက်လက် မေ ၁၇

ရွှေဘိုခရိုင် ဝက်လက်မြို့နယ်၏ ၂၀၀၅-၂၀၀၆ခုနှစ် မိုးသီးနှံစုံစီမံကိန်း တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၁၅ရက် မွန်းတည့် ၁၂နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်နိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ မြို့နယ် စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းလွင် (မြို့နယ်မြေစာရင်းဦးစီးမှူး) က စီမံကိန်း တာဝန်ပေးအပ်ရခြင်း အကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ် စိုက်ပျိုးရေး မန်နေဂျာဦးသိန်းအောင်က စိုက်ပျိုးရမည့် သီးနှံများ စိုက်စနစ်မှန်ကန်ရေး၊ အချိန်မီ စိုက်ပျိုးရေးနှင့် စိုက်ပျိုးနည်း အဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

တာဝန်ပေးအပ်

ဆက်လက်၍ မြို့နယ် ဆည်မြောင်း ဦးစီးအရာရှိ ဦးစိုင်းကျော်ဇောသန့်က ရေပေးဝေနိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံကိန်း ဦးစီးအရာရှိ ဦးကျော်ညွန့်က စီမံကိန်း ပြည့်မီရေး၊ တစ်မျိုးသားလုံး အသားတင်ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ) တိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားပြီး စခန်းနယ်မြေအလိုက် စီမံကိန်း တာဝန်ပေးအပ်သည်။

(မြို့နယ်ပြန်/ဆက်)

စီမံကိန်းသီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် တာဝန်ပေးအပ်

ဇန်းမောက် မေ ၂၀

စစ်ကိုင်းတိုင်း ဇန်းမောက်မြို့နယ်ရှိ ကျေးရွာအုပ်စု ခုနစ်အုပ်စုသို့ ၂၀၀၅-၂၀၀၆ ခုနှစ် စီမံကိန်းသီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၅ ရက် နံနက် ၁၁ နာရီတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေး မန်နေဂျာ ဦးဝင်းရွှေက စိုက်ပျိုးရေး ဆိုင်ရာများကိုလည်းကောင်း၊ စီမံကိန်း ဦးစီးအရာရှိက စီမံကိန်းဆိုင်ရာများ ရှင်းလင်းခြင်းကို လည်းကောင်း၊ မြေစာရင်းဦးစီးမှူး ဦးကျော်လွင်က မြေစာရင်းဆိုင်ရာများကို အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြို့မ၊ မံထုံ၊ မံကပ်၊ မံလှူ၊ မံစီကြီး၊ မံယူးကြီး၊ ကနန်း ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများသို့ စီမံကိန်းသီးနှံ စိုက်မျိုးများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်က ပေးအပ်သည်။

(မြို့နယ်ပြန်/ဆက်)

မူလတန်းကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို မေ ၅ ရက် နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် လော်ခွန်ကျေးရွာအုပ်စု နားပန်ကျေးရွာ၌ ကျင်းပရာ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်၊ နိပ္ပွန်ဖောင်ဒေးရှင်း(စေတနာ)အဖွဲ့ ခေါင်းဆောင် မစ္စတာဆာတို၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစိုးတင့်နှင့် ကျောင်းဆောက်လုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဆန်ဆေးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (နယ်စပ်စည်ပင်)

ဟင်္သာတမြို့ ရွှေစေတီလမ်းဘေး ဝဲ/ယာတစ်လျှောက် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းအတွင်းရှိ အမှိုက်သရိုက်နှင့် မြေစာများ ဆယ်တင်ရှင်းလင်းခြင်းကို မေ ၁၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ သန့်ရှင်းရေးဆောင်ရွက်မှုကို ဦးစီးအရာရှိ ဦးမျိုးဟန် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မေ ၁၁ ရက်က စစ်တွေမြို့ ရှုခင်းသာလမ်း တံတားအမှတ်(၁) အုတ်တံတိုင်းနံရံ တည်ဆောက်မှုကို စစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးအောင်သန်း ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

သစ်ဆိမ့်ဆီ ကြိတ်ခွဲထုတ်လုပ်မှု အခမ်းအနားကျင်းပ

လင်းခေး မေ ၁၂

လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ပထမအကြိမ် သစ်ဆိမ့်ဆီ ကြိတ်ခွဲထုတ်လုပ်သည့် အခမ်းအနားကို မေ ၁ရက် နံနက် ၈နာရီက လင်းခေးမြို့ မြို့မ အနောက်ရပ်ကွက်နေ တောင်သူ ဦးစိုင်းမောင်၏ ဆီကြိတ်စက်ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လင်းခေး၊ မိုးနဲ၊ မောက်မယ်၊ မိုင်းပန်မြို့နယ်မှ သစ်တော၊ စိုက်ပျိုးရေးနှင့် မြေစာရင်းဌာနများမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကုန်ထုတ်လုပ်မှု ကြီးကြပ်ရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ ဒေသခံတောင်သူများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး မြို့နယ်လေးမြို့နယ်အား သစ်ဆိမ့်ဆီများ ပေးအပ်သည်။ ထို့နောက် ခရိုင်ဥက္ကဋ္ဌက ပေးအပ်သော သစ်ဆိမ့်ဆီများအား သက်ဆိုင်ရာမြို့နယ်အလိုက် လက်ခံရယူသည်။ **(မြို့နယ်ပြန်/ဆက်)**

လမ်းပေါက်များပြုပြင်

မြစ်ကြီးနား မေ ၁၅

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းလမ်းများ ချောမွေ့စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ မေ ၉ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မော်မော်သိန်းနှင့် လမ်းလုပ်သားများက ဝိုင်းမော်သဘော်ဆိပ်သွားလမ်း ဝဲ/ယာ လမ်းပခုံးများကို အဖွဲ့ပိုင်မြေတူးစက်ဖြင့် ဖော်ထုတ်ခြင်း၊ မြေညှိပြီး ကတ္တရာလောင်းခြင်းနှင့် လမ်းတစ်လျှောက် လမ်းပေါက်များ ဖာထေးဆောင်ရွက်ကြရာ လုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးဆွေက ကြီးကြပ်ဆောင်ရွက်သည်။

(မြို့နယ်စည်ပင်)

ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်

ကျောက်ဆည် မေ ၁၈

ကျောက်ဆည်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး၏ ၂၀၀၅-၂၀၀၆ခုနှစ် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲနှင့် ရဲတပ်ဖွဲ့ဝင်များအား ဝတ်စုံပေးအပ်ပွဲကို မေ ၁၇ရက် နံနက် ၉ နာရီတွင် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

— ထောက်ပံ့ —

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအေးထွန်းက အမှာစကားပြောကြားပြီး ရဲတပ်ဖွဲ့ဝင်များ၏ သားသမီးများအတွက် ပညာသင်စရိတ် ငွေကျပ် ၈၈၅၀၀နှင့် ငွေကျပ် ၆၂၂၅၀ တန်ဖိုးရှိ ဗလာစာအုပ် ၅၉ဒါဇင်တို့ကို ထောက်ပံ့ပေးအပ်သည်။ **(က-ပ)**

မြို့နယ် သတင်းများ

ကော့သောင်းမြို့ သန့်ရှင်းသာယာလှပရေးအတွက် ဗိုလ်ချုပ်လမ်း အဝိုင်းပတ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မေ ၂ ရက်က မြေခင်းအလှပုံဖော်ခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးကျော်လင်း ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကိုယ့်အားကိုယ်ကိုး ရွှေရင်အေး စာကြည့်တိုက်ဖွင့်

ညောင်ရွှေ မေ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် သပြေပင်ကျေးရွာအုပ်စု သပြေပင်အနောက်ရွာ အောင်သပြေညွန့် ဘုန်းကြီးကျောင်းတွင် ရွှေရင်အေး စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ရွှေရင်အေး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးမြင့်စိန်၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဝင်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စာအုပ်လှူဒါန်းပွဲ ကျင်းပရာ မြို့နယ် ပြန်/ဆက်ဦးစီးဌာနက မဂ္ဂဇင်း၊ ဂျာနယ် မျိုးစုံ ၅၀၊ အလှူရှင်များက စာအုပ်များ ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌ ဦးထွန်းရှိန်က လက်ခံရယူသည်။ **(မြို့နယ်ပြန်/ဆက်)**

အလှူရှင် ဦးကိုကိုမောင်-ဒေါက်တာမိုးဝင်းအောင် မိသားစုတို့၏ လက်နှိပ်တုံကင်တွင်း ဖွင့်ပွဲကို မေ ၈ ရက်က မြင်းခြံမြို့နယ် ရှားတော စံပြကျေးရွာ၌ ကျင်းပရာ မန္တလေးတိုင်းမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင် ဒေါ်နန်းအေးမြ၊ အလှူရှင် မိသားစုနှင့် မြင်းခြံခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြသီဂီတို့က လက်နှိပ်တုံကင်တွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၁၄)

ရှားငြိမ့်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က မြို့ပြ သာယာလှပရေးလုပ်ငန်းများနှင့် အဖွဲ့ပိုင်ပျိုးဥယျာဉ်တွင် ပျိုးပင်များ ပျိုးထောင် ခြင်း၊ မြေချ စိုက်ပျိုးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၂၆ ရက်က ပျိုးဥယျာဉ် တွင် အသုံးပြုရန် မြေဆွေးမြေသြဇာများကို အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ စုဆောင်း သယ်ယူကြစဉ်။ (နယ်စပ်စည်ပင်)

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၆

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ဒုတိယဝန်ကြီး ဦးဖေသန်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာ၍ ညောင်တုန်းမြို့သို့ ရောက်ရှိကြရာ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်နှင့် ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဇော်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ညောင်တုန်းမြို့ ၁၂လမ်းထိပ် မြစ်ရေတိုက်စားမှု ကာကွယ်ရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ထားရှိသော ကျောက်စီရေကာ ဆောင်ရွက်ထားမှုအခြေအနေနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေများကို အသေးစိတ် ရှင်းလင်းပြသကြသည်။

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ဗိုလ်မြတ်ထွန်းတံတားပေါ်မှ ကြိမ်ပင်ဆည်ဘက်ကမ်း ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

အကောက်စခန်း

ထို့နောက် ဝန်ကြီးသည် ညောင်တုန်းမြို့ ပန်းလှိုင်အကောက်စခန်းသို့ ရောက်ရှိရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်အောင်နှင့် တာဝန်ရှိသူများက ရေယာဉ်များ ဖြတ်သန်းသွားလာမှု အခြေအနေ၊ နေ့အလိုက်နှင့် လစဉ် အကောက်ခွန်များ ကောက်ခံရရှိမှု အခြေအနေများကို ပုံစံဇယားဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက အခွန်အကောက်များအား စနစ်တကျ ဝင်ငွေတိုးရရှိအောင် ကောက်ခံကြရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ်ဖြင့် ထွက်ခွာကြပြီး ဗိုလ်မြတ်ထွန်းတံတားပေါ်မှ ကြိမ်ပင်ဆည်ဘက်ကမ်း ရေတိုက်စားမှုကာကွယ်ရေး ဆောင်ရွက်ထားမှုအားလည်းကောင်း၊ သောင်တူးရေယာဉ်ဖြင့် သောင်တူးခြင်းလုပ်ငန်းအားလည်းကောင်း၊ မြစ်ကြောင်းရေစီးရေလာ အခြေအနေအားလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ကျောက်စီနံရံ

ယင်းနောက် ဝန်ကြီးအား ကြိမ်ပင်ဆည်ဘက်ကမ်း ရှင်းလင်းဆောင်၌ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်နှင့် တာဝန်ရှိသူများက ဗိုလ်မြတ်ထွန်းတံတား ရေတိုက်စားမှုကာကွယ်ရေးအတွက် ကျောက်စီနံရံ တည်ဆောက်ပြီးစီးမှု၊ နုန်းဖမ်းရေကာ **စာမျက်နှာ ၉ ကော်လံ ၅ သို့** ❃

ကြေးမုံ The Mirror

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

▶ *ယခုအခါ ကျေးလက်ဒေသ ရေရရှိရေးအတွက် အပူပိုင်းဒေသ တိုင်းသုံးတိုင်းတွင် အကောင်အထည်ဖော်လျက်ရှိရာ စစ်ကိုင်းတိုင်း၌ ခုနစ်မြို့နယ်၊ မကွေးတိုင်း၌ ခုနစ်မြို့နယ်၊ မန္တလေးတိုင်း၌ ၁၁မြို့နယ် စုစုပေါင်း ၂၅ မြို့နယ်တို့တွင် မြို့နယ်လုံးကျွတ်သန့်ရှင်းသောသောက်သုံးရေ ရရှိနေကြပြီဖြစ်သည်။*

ခေါင်းကြီး

(စာမျက်နှာ-၂)

▶ *"ကလေးငယ် ဘဝမှာ အာဟာရ ပြည့်ပြည့်ဝဝ စားရမှ၊ သန့်ရှင်းတဲ့ အစာကို စားရမှ ဝမ်းပျက်ဝမ်းလျှော ရောဂါမဖြစ်ဘဲကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးမှာ၊ ဒါမှ အနာရောဂါကင်းရှင်းမှာ၊ အနာရောဂါကင်းရှင်းမှ ကျန်းမာရေးကောင်းပြီး နိုင်ငံအတွက် ကာယ၊ ဉာဏ လုပ်သားကောင်းတွေရမှာ"*

ဒေါက်တာလွင်ကို၏

"အသက်ရှည်စွာ အနာမဲ့ရေး(၉)"

ဆောင်းပါး(စာမျက်နှာ-၆)

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး အကောင်အထည်ဖော် သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

ရန်ကုန် မေ ၂၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယနေ့နံနက် ၆နာရီခွဲတွင် အလုံမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ကန်-၃ သစ်ဆိပ်သို့ရောက်ရှိလာရာ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများက ပြည်ပပို့ရန် သစ်အတန်းအစား ခွဲခြားသတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အောင်ဇေယျသစ်ဆိပ်၊ ဘုရင့်နောင်သစ်ဆိပ်၊ ပုဇွန်တောင်မြို့နယ်ရှိ စက်ဆန်းသစ်ဆိပ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ပြည်ပပို့ရန် သစ်အတန်းအစား ခွဲခြားသတ်မှတ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို တိတိကျကျ လိုက်နာဆောင်ရွက်ရေး၊ လုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် အင်းစိန်မြို့နယ်ကြို့ကုန်းရှိသစ်တောဦးစီးဌာန(ရုံးချုပ်) တော်ဝင်ခန်းမ၌ ကျင်းပသည့် သစ်တောရေးရာဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဝန်ကြီးက အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများအနေဖြင့် ဝန်ကြီးဌာန၏ ရည်မှန်းချက်များဖြစ်သော တစ်နိုင်ငံလုံး စိုက်ခင်းများထူထောင်ရာတွင် အောင်မြင်ရေး၊ ရေဝေရေလဲ စိုက်ခင်းများ စိုက်ပျိုးရေးနှင့် ထိန်းသိမ်းရေး၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားရေး၊ တရားမဝင် သစ်ထုတ်လုပ်မှုများ ပပျောက်ရေး၊ ပဲခူးရိုးမ စိမ်းလန်း **စာမျက်နှာ ၉ ကော်လံ ၅ သို့** ❐

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မြန်မာ့သစ်လုပ်ငန်း ကန်-၃ သစ်ဆိပ်ရှိ တင်ဒါသစ်လုံးလပ်ပုံများအား ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)